# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ် မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၇၈ ခုနှစ် နတ်တော်လကွယ် ဗုဒ္ဓဟူးနေ့။ Wednesday, 28 December 2016 (၈၇၈၉)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဘရာဇီးနှင့် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်


သတင်းစာမျက်နှာ » ၃


## လွတ်လပ်ရေးကိုတည်၍ စဉ်းစားမိသော ဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးစနစ်


ဆောင်းပါးစာမျက်နှာ » ၇


# အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း (၂၈) နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူနှင့် ဘာသာပေါင်းစုံဆုတောင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်ကွယ်လွန်ခြင်း(၂၈)နှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေးအလှူကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄) ရှိ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ပြုလုပ်ခဲ့သည်။

နှစ်ပတ်လည် ဆွမ်းကျွေးအလှူတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ သံဃာတော် ၁၅ ပါးအား ပင့်ဖိတ်ကာ ဆွမ်းနှင့်သင်္ကန်းများ ဆပ်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာယူသည်။

မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံမှ ဘာသာရေး ခေါင်းဆောင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာအလိုက် အောက်မေ့ဖွယ်ရာဆုတောင်း မေတ္တာများ ပို့သကြသည်။

ဘာသာပေါင်းစုံဆုတောင်းခြင်း အခမ်းအနားတွင် ဟိန္ဒူဘာသာ၊


စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိခင်ကြီးကွယ်လွန်ခြင်း (၂၈)နှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေးအလှူတွင် ဆရာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဓာတ်အားပေးစက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေး သင်္ဘောစက်ရုံတို့မှ မဂ္ဂါဝပ် ၆၀၀ ရရှိရန် စီစဉ်ဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏပြည့်မီရန်နှင့် လာမည့် နွေရာသီတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝကောင်းမွန်စေရေးအတွက် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် တည်ဆောက်နေသော မဂ္ဂါဝပ် ၃၀၀ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် သန်လျင် သီလဝါဘက်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတင်ဆောင်လာသော သင်္ဘောမှ မဂ္ဂါဝပ် ၃၀၀ အပါအဝင် မဂ္ဂါဝပ် ၆၀၀ ရရှိရန် စီစဉ်ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ယနေ့ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ညီညွတ်စွာမျှော်မှန်း လွတ်လပ်ရေးအောင်ပန်း

မြန်မာနိုင်ငံလွတ်လပ်ရေး မရမီကာလ၊ ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီကာလမှာ မြန်မာနိုင်ငံ၏ ကံဇာတာတက်သော ကာလဟုဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုဖြင့် တစ်နိုင်ငံလုံးစည်းရုံးပြီး မြန်မာ့လွတ်လပ်ရေးသည် လက်တစ်ကမ်းအကွာသို့ ရောက်နေသောကြောင့်ဖြစ်သည်။

စစ်အတွင်းကာလက "လွတ်လပ်ရေး"အမြည်းသဘောရခဲ့သော မြန်မာပြည်သူတို့သည် အပြည့်အဝလွတ်လပ်ရေးကိုသာ ခံစားလိုကြသည်။ ကျွန်ဘဝသို့ မရောက်လိုတော့ပြီ။ တစ်တိုင်းပြည်လုံးစည်းလုံးပြီး အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးကိုရရှိပြီးသော မြန်မာတို့သည် အနိုင်မခံ၊ အရှုံးမပေးသော ဇွဲသတ္တိများ ပြည့်ဝနေသည်။

ထိုစဉ်ကာလက မြန်မာဟု ခြုံ၍ခေါ်ဝေါ်သော မြန်မာတိုင်းရင်းသားအပေါင်းတို့သည် ရာဇဝင်တွင် မကြုံဖူးလောက်အောင် စည်းလုံးညီညွတ်ခဲ့သည်။ ရှမ်းတို့သည်လည်းကောင်း၊ ကရင်၊ ကချင်၊ ချင်းတို့သည်လည်းကောင်း၊ ကယားတို့သည်လည်းကောင်း၊ မွန်၊ ရခိုင်တို့သည်လည်းကောင်း ကျဉ်းမြောင်းသောလူမျိုးရေးကိုမေ့၍ ကျယ်ပြန့်သော မြန်မာအမျိုးသားရေးကိုသာလျှင် အဓိကထားခဲ့ကြသည်။

တစ်နိုင်ငံလုံးသော တိုင်းရင်းသားပြည်သူလူထုအပေါင်းတို့၏ စိတ်နှလုံးတွင် မြန်မာပြည်လွတ်လပ်ရေးကိုသာ မျှော်မှန်း၍ ညီညာစွာ ချီတက်ခဲ့ကြသည်။ စစ်အတွင်း၌ အိန္ဒိယတွင် ခိုအောင်းခဲ့သော စစ်ပြေးဘုရင်ခံဆာဒေါ်မန်စမစ်က စစ်ပြီးလျှင် မြန်မာပြည်သို့ပြန်လာပြီး ရှေးဟောင်းအောက်မေ့ဖွယ် ဥဒါန်းကျူးရင့်သည်။ စစ်ပြီးပြာပုံဘဝ ဖြစ်နေသော မြန်မာပြည်ကို ပြန်လည်ထူထောင်မည်။ သည်းခံပြီး စောင့်ကြကုန်လော့။ ဖြူစင်သောစေတနာကို ယုံကြည်ကိုးစားကုန်လော့ဟူ၍ ဆိုခဲ့သည်။

သို့ရာတွင် မြန်မာတို့ကား တစ်ပါးသူတို့ကို ယုံကြည်ကိုးစားခြင်းမပြုလို။ မိမိတို့ကိုယ်သာ ယုံကြည်ကိုးစားလိုကြသည်။ တို့ပြည်ကို တို့ပြန်လည်ထူထောင်မည်။ တို့လွတ်လပ်ရေးကို တို့အရယူမည်။ တို့ထိန်းသိမ်းကာကွယ်မည်။ သူတစ်ပါးတို့၏ အစိုးမိုးခံဘဝတွင် တို့အမျိုးဘာသာ သာသနာကို ထိန်းသိမ်းကာကွယ်ခြင်းမပြုနိုင်။ စစ်အန္တရာယ်များ ကွယ်ပျောက်သောအခါ တို့မြတ်နိုးသောလွတ်လပ်ရေးကို ထူထောင်ထိန်းသိမ်းနိုင်စွမ်း မရှိစရာအကြောင်းမရှိ။ သူတစ်ပါးကို မျှော်တလင့်လင့်နှင့်အသနားခံစရာမလိုဟုပြတ်ပြတ်သားသားကြွေးကြော်ခဲ့ကြသည်။

မြန်မာတစ်မျိုးသားလုံး၏ စိတ်ဓာတ်များမှာ အံ့မခန်းဖွယ်ရာတည်း။ ညီညွတ်သော၊ တက်ကြွသော အမျိုးသားရေးအားမာန်များမှာ တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်ဟု သံပြိုင်ဟစ်ကြွေး ကြွေးကြော်ချီတက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာအမျိုးသားတို့၏ ဇွဲ၊ သတ္တိ၊ ဆန္ဒတို့ကို စုပေါင်း၍ လွတ်လပ်ရေးကို အသက်သွင်းပေးသော ပုဂ္ဂိုလ်ဖြစ်သည်။

တစ်မျိုးသားလုံး ညီညာစွာ ဆန္ဒပြုကြသောကြောင့် အာဏာမတည်တော့သော ဘုရင်ခံဆာဒေါ်မန်စမစ်သည် ဝမ်းနာရောဂါစွဲကပ်ပြီး ဘိလပ်သို့ ပြန်ရတော့သည်။ မြန်မာတို့သည်လည်း တစ်နှစ်အတွင်းပင် တောင့်တသော လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ရရှိတော့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည်လည်း လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့လွတ်လပ်သော နိုင်ငံစုတွင် ပေါ်ထွက်လာသည်။

ဤသည်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မြန်မာတစ်မျိုးသားလုံး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ် အရယူနိုင်ခဲ့သော လွတ်လပ်ရေးအောင်ပန်းပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် အမျိုးသားခေါင်းဆောင်ကြီးများနှင့် ရှေးဘိုးဘေးဘီဘင်များ စွန့်စားအားထုတ်ကြိုးပမ်းရယူခဲ့သော လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ အစဉ်ထာဝရတည်တံ့စေရန် ရှေးအစဉ်အလာကဲ့သို့ ညီညီညွတ်ညွတ် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

လူမျိုးစွဲ၊ ဝါဒစွဲ၊ စိတ်ဝမ်းမကွဲဘဲ သမိုင်းကြောင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း တို့နိုင်ငံ၊ တို့အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအခမ်းအနား ဓာတ်ပုံ - မျိုးမင်းထိုက် (IPRD)

## အခြေခံသဘာဝသီးနှံ စားသောက်ကုန် သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၂၇**
ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသဘာဝသီးနှံစားသောက်ကုန်သင်တန်းကို ယမန်နေ့က ရှားတောကျေးရွာ၌ ပြုလုပ်ရာ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်မင်းဆွေက သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်သည်များကို ပြောကြားခဲ့သည်။

**(ဟိန်းအောင်)**

## နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ဆက်လက်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းဆိုင်ရာကိစ္စရပ်များအတွက် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၃ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။



ယင်းသို့ဆွေးနွေးရာတွင် ပို့ကုန်ရငွေများခြောက်လအတွင်း ပြန်လည်ဝင်ရောက်မှုရှိမရှိစိစစ်မှုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အကောက်ခွန်ဦးစီးဌာနတို့ ဆက်လက်၍ ချိတ်ဆက်ဆောင်ရွက်ရန်ကိစ္စ၊ နေ့စဉ်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ပေးသည့်စနစ်အား ယခုထက်ပိုမိုထိရောက်ကောင်းမွန်သည့် စနစ်ဖြင့်သတ်မှတ်နိုင်ရေး သုံးသပ်ဆောင်ရွက်ရန်ကိစ္စ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများထံမှ နိုင်ငံခြားငွေများ ပြန်လည်ဝင်ရောက်လာရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်ကိစ္စ၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းစေရေးကြပ်မတ် ဆောင်ရွက်ရန်ကိစ္စနှင့် အပတ်စဉ် ပူးပေါင်းညှိနှိုင်းဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများအလိုက် အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၉)ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်)၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းရက်မှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)တွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ လေးလသင်တန်းဖြစ်ပြီး သင်တန်းသားလက်ခံနေပြီဖြစ်ကာ သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ သင်တန်းတက်ရောက်မည့်သူ၏ ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ် မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ဖြင့် ကုန်သွယ်မှုသင်တန်းကျောင်း၌ ကိုယ်တိုင်စာရင်းပေးသွင်း လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ စီးပွားရေးလုပ်ငန်းရှင်သစ်များ မွေးထုတ်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ကိုချစ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံ သံအမတ်ကြီးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဘာရာဇီးနှင့် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘာရာဇီးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အန်တိုနီယို ဟိုဆေး မာရီယာ ဒီဆိုဇာ အီဆစ်လ်ဗာ သည် ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆာဟဲ လဲ မူစတာဖာ အာမက် အာဂျီစပ် သည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**☆ အမျိုးသားခေါင်းဆောင်ကြီးမှ**

ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာ၊ ဘဟာအီဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များက မေတ္တာစကားပြောကြားခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက ဘာသာအလိုက် အောက်မေ့ဖွယ်ရာဆုတောင်းမေတ္တာပို့သခြင်းများ ပြုလုပ်စဉ်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ လှည်းကူးမြို့နယ် လေ့လျော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် တရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီတွင် လှည်းကူးမြို့နယ် လေ့လျော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီးချုပ်သည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှု၊ အချုပ်ခန်းများ သန့်ရှင်းမှု၊ လုံခြုံမှုရှိစေရေးနှင့် အကျဉ်းသားများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ကိုလတ်(သတင်းစဉ်)**

❑

**✪ ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစီအစဉ်နှစ်ခု ဆောင်ရွက်လျက်ရှိပြီး လာမည့် နွေရာသီတွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုပိုမိုလာမည့်အပေါ် ပြည့်ဝကောင်းမွန်စွာ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် လမ်းမတော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာ၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေခြင်းနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခဲ့မှုအပေါ် ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"လာမယ့် နွေရာသီမှာ ပြည်သူလူထု စိုးရိမ်နေရတဲ့အသံတွေ ကြားသိနေရပါတယ်။ ယခုလို ဆောင်းရာသီမှာတောင် အအေးဓာတ်မရှိဘဲ အပူဓာတ် လွန်ကဲလာသဖြင့် ပူအိုက်ကာ လျှပ်စစ်သုံးစွဲမှု ပိုမိုအသုံးပြုနေရပြီး နွေရာသီမှာ အပူဒဏ်ပိုမိုလာမှာဖြစ်တဲ့အတွက် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရပြီး လျှပ်စစ်မီးပြတ်တောက်မှာကိုလည်း စိုးရိမ်နေရပါတယ်" ဟု လမ်းမတော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာက မေးခွန်းမေးမြန်းရာတွင် ထည့်သွင်းတင်ပြခဲ့ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားခ ပြန်လည်ကောက်ခံရရှိမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ပြုန်းတီးဆုံးရှုံးနေမှုအခြေအနေနှင့် လာမည့် နွေရာသီတွင် လျှပ်စစ်မီးလုံလောက်စွာ ပေးအပ်နိုင်ခြင်း ရှိ၊ မရှိတို့အပေါ် လွှတ်တော်တွင် မေးမြန်းခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုအပေါ် တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်က ပြန်လည် ဖြေကြားပေးခဲ့ရာတွင် "ရန်ကုန်တိုင်းဒေသကြီးမှာ လာမယ့် နွေရာသီအတွက် ပြည့်ဝကောင်းမွန်သော လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် ဆောင်ရွက်နေတဲ့ အစီအစဉ်နှစ်ခုရှိပါတယ်။ ပြည့်ဝကောင်းမွန်သော စကားလုံးကို အဓိပ္ပာယ်ဖွင့်ရရင် ပြည့်ဝဆိုတာက Voltage ဗို့အားပြည့်ဝတာကို ပြောတာပါ။ ကောင်းမွန်သောဆိုတာက လျှပ်စစ်မီးမပြတ်ဘဲနဲ့ အဆက်မပြတ်ရရှိမယ့် လျှပ်စစ်ကို ပြောတာပါ။ လာမယ့်နွေရာသီမှာ ပြည့်ဝကောင်းမွန်သော လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် (၁) ဆိပ်ကြီးခနောင်တိုမှာ အလုံဓာတ်အားပေးစက်ရုံရဲ့ တစ်ဖက်ကမ်းမှာ ၃၀၀ မဂ္ဂါဝပ်ဓာတ်အားပေး စက်ရုံတစ်ရုံကို စတင်ဆောင်ရွက်နေပါပြီ။ (၂) ကတော့ သန်လျင်၊ သီလဝါ အထက်ပိုင်းမှာ သဘော်ာနဲ့တင်လာမယ့် ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ အဲဒါလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သို့သော် လျှပ်စစ်ဓာတ်အားဆိုတာ ထုတ်လုပ်မှုပိုင်းတစ်ခုတည်းနဲ့ ပြီးတာမဟုတ်ပါဘူး။ သယ်ပို့မှုအပိုင်းနဲ့ ဖြန့်ဖြူးမှုအပိုင်းကလည်း လိုအပ်ပါတယ်။ ထုတ်လုပ်ရေးအပိုင်းက ထုတ်လုပ်နိုင်သော်လည်း သယ်ပို့မှုအပိုင်းနဲ့ ဖြန့်ဖြူးရေးအပိုင်းမှာ အဆင့်မမီသေးဘူးဆိုရင် ဗို့အားကျဆင်းတာတို့၊ မီးပြတ်တဲ့ကိစ္စတွေ ဖြစ်နေဦးမှာပါပဲ။ အဲဒီသုံးပိုင်းလုံးမှာလည်း ကုန်ကျစရိတ်က တစ်ပိုင်းလျှင် တစ်မဂ္ဂါဝပ်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ တစ်သန်းလောက်ရှိပါတယ်။ ယခုလက်ရှိ နိုင်ငံတော်က ဖြန့်ဖြူးပေးနေတဲ့ လျှပ်စစ်ဓာတ်အားဈေးနှုန်းဟာ အလွန်သက်သာတဲ့ ဈေးနှုန်းဖြစ်နေပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်စဉ် မြန်မာကျပ်ငွေ ဘီလီယံ ၄၇၀ ခန့် အရှုံးပေါ်နေပါတယ်။ ယခုပျမ်းမျှခြင်း တိုးချဲ့ဆောင်ရွက်မယ့် မဂ္ဂါဝပ် ၆၀၀ အတွက်ဆိုလျှင် မြန်မာကျပ်ငွေ ဘီလီယံ ၉၀၀ လောက် အရှုံးပေါ်နိုင်ပါတယ်။ ဒီငွေတွေဟာလည်း အရှုံးပေါ်တယ်ဆိုတဲ့ငွေဟာ ပြည်သူတွေရဲ့ငွေတွေပါပဲ။ ဒါကြောင့်မို့ ရန်ကုန်တိုင်းဒေသကြီးမှာ နှစ်စဉ်လျှပ်စစ်တိုးတက်မှုလိုအပ်ချက် ၂၀ ရာခိုင်နှုန်းအရ ၂၀၁၇-၂၀၁၈ မှာ ၂၉၅ မဂ္ဂါဝပ်၊ ၂၀၁၆-၂၀၁၇ မှာ ဓာတ်အားပေးလွှတ်မှုခွင့်ပြုပြီးတဲ့ မြို့ပြလုပ်ငန်းတွေအတွက် လိုအပ်ချက်က ၂၁၄ မဂ္ဂါဝပ်၊ ဆိုင်းငံ့ထားရတဲ့ စက်မှုဇုန် ထရန်စဖော်မာတွေအတွက် ၅၇ မဂ္ဂါဝပ် စုစုပေါင်း ၅၆၆ မဂ္ဂါဝပ် ရှိတဲ့အတွက် ဒီဓာတ်အားတွေကို ပေးနိုင်ရန်အတွက် မဂ္ဂါဝပ် ၆၀၀ ကို စီစဉ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြည့်ဝကောင်းမွန်တဲ့ လျှပ်စစ်ဓာတ်အားရရှိဖို့ဆိုရင် ဓာတ်အားသယ်ပို့မှုအပိုင်းမှာလည်း ယခုလက်ရှိ ဓာတ်အားခွဲရုံတွေ အားလုံးနီးပါးဟာ ဝန်အားတွေပြည့်နေပါတယ်။ over load ဖြစ်နေပါတယ်။ ဒါကြောင့် ခွဲရုံအသစ်တွေ တိုးချဲ့ဆောက်လုပ်ဖို့လိုပါတယ်။ ဖြန့်ဖြူးခြင်းအပိုင်းမှာလည်း ကြိုးတွေကအစ ကောင်းမွန်တဲ့ကြိုးတွေ၊ အဆင့်မီတဲ့ကြိုးတွေ လဲပြီးတော့ အဆင့်မြင့်အောင်ဆောင်ရွက်ရတဲ့ကိစ္စတွေရှိပါတယ်"ဟု ထည့်သွင်းဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နှစ်စဉ် လျှပ်စစ်လိုအပ်ချက်ပမာဏ မြင့်မားလာလျက်ရှိပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့်အပိုင်းတွင် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုများလည်းရှိနေသည်ဟု သိရသည်။ လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှု ၁၃ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိနေပြီး ဓာတ်အားလိုင်းကြိုးသွယ်တန်းရာ လမ်းတစ်လျှောက်ရှိ သစ်ပင် သစ်ကိုင်းများနှင့် ထိစပ်နေလျှင် လျှပ်စစ်ယိုစီးမှုဖြစ်ပြီး ဓာတ်အားပျောက်ဆုံးမှုဖြစ်ကာ Technical Loss များရှိသလို Non-technical Loss ဆိုသည့် ဓာတ်အားသုံးစွဲသူများနှင့် ဝန်ထမ်းများ၏ မသမာမှုများကြောင့်လည်းရှိနေကြောင်း၊ နှစ်စဉ်ဆုံးရှုံးနေသော ပြည်သူ့ဘဏ္ဍာငွေများစွာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်လိုအပ်ပြီး လျှပ်စစ်ကဏ္ဍတွင် နှစ်စဉ်သံသရာမလည်ဘဲ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လာမည့်နွေရာသီ လျှပ်စစ်လိုအပ်ချက်အတွက် သဘော်ာတင် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် ပြီးခဲ့သည့် ဇူလိုင် ၄ ရက်က နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် တင်ဒါခေါ်ယူခဲ့ပြီး မဂ္ဂါဝပ် ၃၀၀ ရရှိမည့် အဆိုပါ Rental Power Plant သဘော်ာတင် လျှပ်စစ်ဓာတ်အားပေးစက်ရုံအပေါ် ရေတိုနည်းလမ်းဖြင့် ဖြေရှင်းသည့်သဘောသာဖြစ်နေပြီး ရေရှည်နည်းလမ်းကောင်းများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း ပညာရှင်များက သုံးသပ်ဆွေးနွေးထားမှုများ ရှိသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏမြင့်မားလာလျက်ရှိကာ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းနှင့် အနာဂတ်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများတွင် အရေးပါသော အခြေခံဖြစ်သည့် လျှပ်စစ်ကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်မှာ ဘဏ္ဍာငွေမြောက်မြားစွာ ကုန်ကျနိုင်မည်ဟု သိရသည်။ လျှပ်စစ်ဓာတ်အားဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းအပေါ်လည်း ဖြေရှင်းဆောင်ရွက်ရန်လိုအပ်နေပြီး သုံးစွဲနိုင်သည့် လျှပ်စစ်ပမာဏထက် တိုးမြှင့်သုံးစွဲနေရမှုကြောင့် System Break Down ဖြစ်ကာ မကြာခဏလျှပ်စစ်မီးပြတ်တောက်မှုများနှင့် ကြုံတွေ့နေရသည်။ လက်ရှိ ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ တစ်နိုင်ငံလုံး၏ ထက်ဝက်ခန့် သုံးစွဲလျက်ရှိပြီး မဂ္ဂါဝပ် ၁၂၅၀ ခန့် အသုံးပြုလျက်ရှိကြောင်း၊ ထပ်မံရရှိမည့် မဂ္ဂါဝပ် ၆၀၀ ခန့်ရရှိလာပါက မဂ္ဂါဝပ် ၁၈၀၀ ကျော် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**

# ပုလဲဆိပ်ကမ်းသွားရောက်မည့် အာဘေး ဟာဝိုင်ယီသို့ ရောက်ရှိ



**ဟိုနိုလူလူ ဒီဇင်ဘာ ၂၇**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းသို့ ရောက်ရှိလာသည်။ အာဘေးသည် ဟာဝိုင်ယီကျွန်းတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၇၅ နှစ်က ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်စခန်းကို ဂျပန်နိုင်ငံက ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကျဆုံးသွားသူများကို သတိရအောက်မေ့ ဂါရဝပြုသွားမည်ဖြစ်သည်။

အာဘေးသည် တနင်္လာနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အမေရိကန်လေတပ်စခန်းသို့ ရောက်ရှိလာသည်။ ခရီးစဉ်ပထမနေ့တွင် အာဘေးသည် ပစိဖိတ်စစ်ပွဲအတွင်း ကျဆုံးခဲ့သည့် အမေရိကန်စစ်သည်များ မြှုပ်နှံထားသည့် အမျိုးသားအထိမ်းအမှတ်ဂူသင်္ချိုင်းသို့ သွားရောက်ခဲ့သည်။ အာဘေးသည် ဟာဝိုင်ယီတွင် ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များမြှုပ်နှံထားသည့် ဂူသင်္ချိုင်းသို့လည်း သွားရောက်ခဲ့သည်။

အာဘေးသည် နောက်လတွင် သမ္မတတာဝန်မှ အနားယူတော့မည့် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့်လည်း တွေ့ဆုံရန်စီစဉ်ထားသည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် ယူအက်စ်အက် အရီဇိုနား အထိမ်းအမှတ်သင်္ဘောပေါ်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုသွားမည်ဖြစ်သည်။

အာဘေးသည် အမေရိကန်စစ်ပြန်များကို အသိအမှတ်ပြု မိန့်ခွန်းပြောကြားသွားမည်ဖြစ်သည်။ အာဘေးက ဘေးဒုက္ခစစ်ပွဲများ ထပ်မံမဖြစ်ပွားစေလိုသည့် ၎င်း၏ခံယူချက်ကို ထုတ်ဖော်ပြသသွားမည်ဟု မျှော်လင့်ရပြီး စစ်ပွဲကာလအတွင်းက ရန်သူရန်ဘက်နှစ်နိုင်ငံကြား ပြန်လည်ပေါင်းစည်းမှုပြုနိုင်ခဲ့သည့် အကျိုးကျေးဇူးကိုလည်း ဖော်ပြသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# တရုတ်ရေတပ်စစ်ရေယာဉ်များ၏ စစ်ရေးလေ့ကျင့်မှုကို လုံခြုံရေးခြိမ်းခြောက်မှုအဖြစ် တရုတ်(တိုင်ပေ)သတိပေး

**တိုင်ပေ ဒီဇင်ဘာ ၂၇**

ကျွန်းပ်တို့ရန်သူများ၏ခြိမ်းခြောက်မှုများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်တက်လာနေကြောင်း တရုတ်နိုင်ငံ၏တစ်စင်းတည်းသော လေယာဉ်တင်သင်္ဘောကြီးတစ်စင်းက ဦးဆောင်ကာ စစ်ရေယာဉ်များက စစ်ရေးလေ့ကျင့်နိုင်ရန် တောင်တရုတ်ပင်လယ်အတွင်းရှိ ဟိုင်နန်ပြည်နယ်ပိုင် ကျွန်းစုများဆီသို့ဦးတည်ကာ ခုတ်မောင်းလာချိန်တွင် တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံက အသေးစိတ်ပြောကြားခြင်းမရှိပေ။ လေယာဉ်တင်သင်္ဘောကြီး လျောင်နင်း ဦးဆောင်၍ တရုတ်ရေတပ်က ပုံမှန်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းသာ ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားကြသည်။

လေယာဉ်တင်စစ်သင်္ဘောနှင့် ရေယာဉ်အုပ်စုသည် တရုတ်(တိုင်ပေ)၏ အရှေ့ပိုင်းလေကြောင်းကာကွယ်ရေးအတည်ပြုရေးဇုန်၏ အပြင်ဘက်အနီးအပါးမှ ခုတ်မောင်းခဲ့သည်ဟု ဆိုသည်။

တရုတ်လေယာဉ်တင်သင်္ဘောကြီးသည် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ စစ်စခန်းသို့ ဒီဇင်ဘာ ၂၇ ရက် အနောက်ပိုင်းတွင် ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မိမိတို့သည် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်စေရန် တိုက်ခိုက်ရေးတပ်ဖွဲ့များအား စစ်ရေးအရတပ်လှန့်မှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီး ဖန်ရှွေယွန်က ပြောကြားသည်။ **ရိုက်တာ။**



# အမေရိကန် ကာကွယ်ရေးအသုံးစရိတ်ဥပဒေပါ တရုတ်(တိုင်ပေ)နှင့်သက်ဆိုင်နေသော စာပိုဒ် တရုတ်အစိုးရကန့်ကွက်

**ပေကျင်း ဒီဇင်ဘာ ၂၇**

အမေရိကန်နှင့်တရုတ်(တိုင်ပေ)အကြား စစ်ဘက်ဆိုင်ရာ အပြန်အလှန်ဖလှယ်ရေးအစီအစဉ်အကောင်အထည်ဖော်ရန် ဖော်ပြထားသည့် ဥပဒေစာပိုဒ်တစ်ခုပါဝင်သော ကာကွယ်ရေးအသုံးစရိတ်ဆိုင်ရာ ဥပဒေတစ်ရပ်ကို အမေရိကန်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးလိုက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံက တရားဝင်ကန့်ကွက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အမေရိကန်အမျိုးသားကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်ခွင့်ပြုချက်အက်ဥပဒေတွင် တရုတ်(တိုင်ပေ)နှင့် ပတ်သက်နေသော ဥပဒေစာပိုဒ်တစ်ခုပါရှိနေခြင်းနှင့်ပတ်သက်၍ မိမိတို့က အမေရိကန်ပြည်ထောင်စုကို ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ဟွာချွန်းယင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကာကွယ်ရေးအသုံးစရိတ်အမေရိကန်ဒေါ်လာ ၆၁၈ ဒသမ ၇ ဘီလီယံအနက် ငွေကြေးတစ်စိတ်တစ်ဒေသကို အမေရိကန်နှင့်တရုတ်(တိုင်ပေ)အကြား စစ်ဘက်ဆိုင်ရာ အပြန်အလှန်ဖလှယ်ရေးအစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ရာတွင် သုံးစွဲနိုင်သည်ဟု အမျိုးသားကာကွယ်ရေးဆိုင်ရာ ခွင့်ပြုချက်အက်ဥပဒေတွင် ဖော်ပြပါရှိကြောင်း မီဒီယာသတင်းများအရ သိရသည်။

အဆိုပါ ဥပဒေစာပိုဒ်တွင် တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ပိုင်နက်နယ်မြေစုစည်းတည်ရှိမှုနှင့်ငြိစွန်းလျက်ရှိကြောင်း၊ သို့ဖြစ်၍ အမေရိကန်ကာကွယ်ရေးဆိုင်ရာ အက်ဥပဒေပါ အဆိုပါစာပိုဒ်နှင့်ပတ်သက်၍ မိမိတို့လုံးလုံးလျားလျားကန့်ကွက်ကြောင်း ချိုင်းနားဒေလီသတင်းစာတွင် ရေးသားဖော်ပြသည်။

အမေရိကန်ကာကွယ်ရေးဆိုင်ရာ အက်ဥပဒေပါ တရုတ်(တိုင်ပေ)နှင့် သက်ဆိုင်နေသော ဖော်ပြချက်သည် တရားဥပဒေအရ မလုပ်မနေရ အချက်မဟုတ်သော်လည်း တရုတ်နိုင်ငံနှင့် အမေရိကန်တို့၏ပူးတွဲကြေညာချက်သုံးရပ်ပါ ကတိကဝတ်ပြုမှုကို ချိုးဖောက်ရာရောက်ပြီး မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ကြောင်း၊ အမေရိကန်နှင့် တရုတ်(တိုင်ပေ)အကြား စစ်ရေးအပြန်အလှန်ဖလှယ်မှုများ မပြုလုပ်ရန်နှင့် တရုတ်(တိုင်ပေ)သို့ အမေရိကန်က လက်နက်များရောင်းချခြင်းမပြုလုပ်ရန် မိမိတို့ တိုက်တွန်းကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ဟွာချွန်းယင်က ပြောကြားသည်။ **ရိုက်တာ။**

# သမိုင်းတစ်လျှောက် အကြီးမားဆုံး သင်းခွေချပ်အကြေးခွံပမာဏ တရုတ်အကောက်ခွန် ဖမ်းဆီးရမိ

**ရှန်ဟိုင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံသမိုင်းတစ်လျှောက် အကြီးမားဆုံးသောပမာဏ ဖမ်းဆီးရမိမှုဖြစ်သည့် သင်းခွေချပ်အကြေးခွံ ၃ ဒသမ ၁ တန် တရားမဝင် မှောင်ခိုကူးမှု သံသယဖြင့် ဒီဇင်ဘာ ၁၀ ရက်တွင် ရှန်ဟိုင်းအကောက်ခွန်ဌာနက လူသုံးဦးကို ဖမ်းဆီးခဲ့သည်။

အဆိုပါသင်းခွေချပ်အကြေးခွံများကို အာဖရိကတိုက်မှ သစ်များတင်ဆောင်လာသည်ဟု မှတ်ပုံတင်ထားသော ကုန်သေတ္တာတစ်လုံးအတွင်း ဝှက်ထားခြင်းဖြစ်ကြောင်း ရှန်ဟိုင်းအကောက်ခွန်ဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။ တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲကျန်းပြည်နယ်ဇာတိ အဓိကသံသယရှိသူက ၎င်းသည် ၂၀၁၅ ခုနှစ်ကတည်းက အာဖရိကတိုက်မှ တရုတ်နိုင်ငံသို့ သင်းခွေချပ်များ မှောင်ခိုကူးနေခဲ့ကြောင်း ဝန်ခံခဲ့သည်။

သင်းခွေချပ်တစ်ကောင်လျှင် အကြေးခွံ သုည ဒသမ ၆ ကီလိုဂရမ်ထွက်ရှိပြီး သင်းခွေချပ်အကြေးခွံ ၃ ဒသမ ၁ တန်ရရှိရန် သင်းခွေချပ်ကောင်ရေ ၅၀၀၀ မှ ၇၅၀၀ ထိ သတ်ဖြတ်ခံခဲ့ရကြောင်းသိရသည်။ သင်းခွေချပ်မှာ ကမ္ဘာပေါ်တွင် မှောင်ခိုကူးခံရဆုံး နို့တိုက်သတ္တဝါမျိုးဖြစ်သည်။

သင်းခွေချပ်မှာ တရုတ်နိုင်ငံ၌ ဒုတိယတန်းစား နိုင်ငံတော်အဆင့်နှင့် သင်းခွေချပ်မျိုးစိတ်ရှစ်မျိုးကို နိုင်ငံတကာ၌ ရောင်းဝယ်ဖောက်ကားခြင်းမပြုလုပ်ရန် ပိတ်ပင်တားမြစ်ထားသော မျိုးသုဉ်းပျောက်ကွယ်တော့မည့် ဒေသရင်းတိရစ္ဆာန်များနှင့်အပင်များ ရောင်းဝယ်ဖောက်ကားမှုတားဆီးရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(CITES)အရ အမြင့်ဆုံးအဆင့် ကာကွယ်စောင့်ရှောက်မှုပေးထားသည်။

အသားမှာ စားကောင်းသည်ယူဆပြီး အကြေးခွံက ဆေးဘက်ဝင်သည်ဟု ယုံကြည်သောကြောင့် သင်းခွေချပ်များကို မကြာခဏဆိုသလို တရုတ်နိုင်ငံသို့ မှောင်ခိုသွင်းကြသည်။ နိုင်ငံတော်အဆင့် ကာကွယ်စောင့်ရှောက်ထားသောစာရင်းဝင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် သားရိုင်းတိရစ္ဆာန်များကို ဖမ်းဆီး၊ သတ်ဖြတ်၊ ဝယ်ယူ သို့မဟုတ် ရောင်းချသူမှာ ထောင်ဒဏ် ၁၀ နှစ်အပြင် ဒဏ်ကြေးငွေလည်း ပြစ်ဒဏ်ကျခံရနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# ပျက်ကျခဲ့သော ရုရှားစစ်လေယာဉ်မှ ပျံသန်းရေးဆိုင်ရာ မှတ်တမ်းတင် အသံဖမ်းစက်တစ်လုံးကို ရှာဖွေတွေ့ရှိ



**မော်စကို ဒီဇင်ဘာ ၂၇**

ပင်လယ်နက်အတွင်းသို့ ပျက်ကျခဲ့သော ရုရှားလေယာဉ်တစ်စင်းမှ ပျံသန်းရေးဆိုင်ရာ မှတ်တမ်းတင် အသံဖမ်းစက်တစ်လုံးကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံ ဆိုချီမြို့အနီးတွင် ဒီဇင်ဘာ ၂၅ ရက်က ဖြစ်ပွားသည့် စစ်လေယာဉ်ပျက်ကျခဲ့ရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိရာတွင် ပျံသန်းရေးဆိုင်ရာ မှတ်တမ်းတင်အသံဖမ်းစက်၏ မှတ်တမ်းများက အထောက်အကူပြုမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားကြသည်။

နှစ်သစ်ကူးကာလတွင် ရှေ့တန်းရောက် ရုရှားတပ်ဖွဲ့ဝင်များကို ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ဆီးရီးယားနိုင်ငံသို့သွားရောက်စဉ် လေယာဉ်ပျက်ကျမှုဖြစ်ပွားခြင်းဖြစ်သည်။ စစ်လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ ၉၂ ဦးလုံးသေဆုံးခဲ့ရပြီး သေဆုံးသူများမှာ ရုရှားတပ်နီသံစုံတီးဝိုင်းအဖွဲ့မှ အဆိုတော်များ၊ ဂီတပညာရှင်များ၊ ကချေသည်များနှင့် သတင်းထောက်များဖြစ်ကြသည်။ **ရိုက်တာ။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသမီးဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။ (သတင်းစဉ်)

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကို ခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၊ ဘွဲ့ရ အမျိုးသမီး ဗိုလ်လောင်းသင်တန်းမှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဝတ်ရည်အောင်နှင့် သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအိန္ဒြာအောင်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူကာ စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်း ဝတ်ရည်အောင်၊ သေနတ်ပစ်အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းအိန္ဒြာအောင်ကျော်နှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းက မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်၌ ဖွင့်လှစ်လျက်ရှိသော (၂၃)ကြိမ်မြောက် ဓမ္မဒူတယဉ်ကျေးလိမ္မာ သင်တန်းအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဆွမ်းဆန်တော်များနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒထံ လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်အိတ် ၂၀ နှင့် အလှူငွေကျပ်သိန်း ၂၀ တို့အား ဆက်ကပ်လှူဒါန်းကာ တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုဘယ်-မြန်မာစာပေပွဲတော် ရသစာပေ(၂၀၁၇) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီဒီဇိုင်းပညာရှင်များ၊ ကာတွန်းပညာရှင်များ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်း အယ်ဒီတာများ၊ စာအုပ်စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများနှင့် စာအုပ်စာပေကိစ္စတွင် စိတ်အားထက်သန်သည့် ပုဂ္ဂိုလ်များ စုပေါင်း၍ နိုဘယ်-မြန်မာစာပေပွဲတော် ရသစာပေ(၂၀၁၇)ကို တတိယအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်-မြန်မာ စာပေပွဲတော် ရသစာပေ(၂၀၁၇)၏ ရည်ရွယ်ချက်မှာ ရသစာပေ ပိုမိုထွန်းကားပြန့်ပွားရေးဖြစ်ပြီး ရသ သဘောပါသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်ရသ၊ ရသစာတမ်း စသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်နှင့် ရသစာပေဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းအသစ်၊ စိတ်အားထက်သန်မှုအသစ်များနှင့် အထူးတီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန် အစရှိသော ရည်ရွယ်ချက်များနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီက ထုတ်ပြန်သော သတင်းများအရ သိရသည်။

စာပေပွဲတော်တွင် ရသစာပေကို စာဖတ်ပရိသတ်များ ပိုမိုစိတ်ဝင်စားစေရေး၊ ရသစာပေအကျိုးကျေးဇူး၊ ရသစာပေ ပိုမိုထွန်းကားရေးတို့ကို ရည်ရွယ်သည့် စာတမ်းကိုးစောင်ကို စာပေပညာရှင်ကြီးများ၊ စာရေးဆရာ၊ ဆရာမတို့က တင်သွင်းဖတ်ကြားမည်ဖြစ်သည်။ ထို့အပြင် ရသစာပေနှင့် ပတ်သက်သည့်စကားဝိုင်း ဆွေးနွေးပွဲများ၊ ရသစာဖတ်ဝိုင်း၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပွဲတော်၊ မြန်မာ့ဂန္ထဝင်ဝတ္ထုစာအုပ်ပြခန်းနှင့် စာအုပ်မိတ်ဆက်ပွဲအခမ်းအနားများ၊ ဆိုင်ခန်းပေါင်း ၂၀၀ နီးပါး ပါဝင်သည့် စာအုပ်ဈေးခင်းပါ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စာပေအနုပညာသမားများ ကိုယ်တိုင်တင်ဆက်ကပြမည့် ပြဇာတ်အပါအဝင် ဖျော်ဖြေပွဲအစီအစဉ်များ တင်ဆက်သွားမည်ဖြစ်သည်။

စာအုပ်ဈေးခင်းတွင် ပါဝင်ရောင်းချလိုသော စာအုပ်ဆိုင်၊ စာအုပ်တိုက်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဘိုကလေးဈေးလမ်းရှိ ဝိုင်ဒဗလျူစီအေခန်းမ၌ မဲနှိုက်ရောင်းချပေးမည်ဖြစ်သည်။

စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချလိုသူများသည် ကျင်းပရေးကော်မတီဝင် ဦးဝင်းချို ဖုန်း-၀၉၇၃၂၀၂၄၁၁၊ ဦးကြည်ဝင်း ဖုန်း-၀၉၅၁၁၉၇၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားသမားရွေးချယ်ပွဲ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့မှ ပူးပေါင်းသည့် ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင်ရွေးချယ်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် နေပြည်တော်ရှိ ဘိလိယက်လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ရုံးခန်း အတွင်းရေးမှူး ဦးခင်မောင်ဦးအား(၁၅. ၁. ၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါရန် ဖုန်း-၀၁၃၇၅၁၀၄၊ ၀၉-၄၂၃၆၈၁၆၅၁၊ ၀၉- ၅၁၀၄၀၀၀၃ တို့သို့ ဆက်သွယ်စုံးစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# နိုင်ငံခြားသားများ၏ အိမ်ခြံမြေငှားရမ်းမှုတွင် လုပ်ငန်းသုံး၊ ရုံးသုံးနေထိုင်နိုင်သည့် တိုက်ခန်းများနှင့် ဟိုတယ်စီမံချက် လှိုင်မြစ်ကမ်းဘေးတွင် အကောင်အထည်ဖော်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၇**



မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းလာသည်နှင့်အမျှ နိုင်ငံခြားသားများ လာရောက်နေထိုင်အလုပ်လုပ်ကိုင်မှုများတွင် အိမ်ခြံမြေအငှားဈေးကွက် သွက်လက်လျက်ရှိပြီး လုံးချင်းအိမ်ရာများကိုသာ အားထားငှားရမ်းနေရာမှ လုပ်ငန်းသုံး၊ ရုံးသုံးအဖြစ် နေထိုင်အသုံးပြုနိုင်သည့် တိုက်ခန်းများနှင့် ဟိုတယ်စီမံချက်ပါဝင်သည့် Spring Line Project ကို ရန်ကုန်မြို့ လှိုင်မြစ်ကမ်းဘေးအောင်ဇေယျတံတားအရှေ့ဘက်တွင် အကောင်အထည် ဖော်နေကြောင်း သိရသည်။

ရန်ကုန်မြို့၏ အချက်အချာ စီးပွားရေးဇုန်များဖြစ်သည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ဗန်း စသည့် စက်မှုဇုန်များအနီးတွင် ယင်းစီမံကိန်းကို အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး လုပ်ငန်းသုံး၊ ရုံးသုံးအဖြစ် ပြည့်စုံသော ဝန်ဆောင်မှုများပါဝင်သည့် တိုက်ခန်းများမရှိသေးသည့်အတွက် Facilities အထောက်အပံ့ပြည့်စုံစွာပါရှိသော Spring Line Project ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

"အနာဂတ် မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအလားအလာကောင်းမယ်လို့ IMF က ခန့်မှန်းထားတယ်။ GDP တိုးတက်နှုန်း အမြန်ဆုံးဖြစ်မယ်လို့ပေါ့။ နောက်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကလည်း ပိုမိုတိုးတက်လာမယ်။ နိုင်ငံခြားသားတွေ လာရောက်မှုများပြားလာတာနဲ့အမျှ နေထိုင်မှုမှာလည်း လုံးချင်းအိမ်တွေကိုပဲ အားပြုငှားရမ်းနေရတယ်။ ဈေးနှုန်းကလည်း ကြီးမြင့်တယ်။ လုပ်ငန်းသုံး၊ ရုံးသုံးအဖြစ် Facilities စုံစုံနဲ့ ထောက်ပံ့ပေးနိုင်တဲ့ တိုက်ခန်းမျိုးတွေ လိုအပ်နေတယ်။ ဒါကြောင့် စီးပွားရေးအချက်အချာဖြစ်တဲ့ စီးပွားရေးဇုန်တွေအနီးမှာ Facilities အထောက်အပံ့ပြည့်စုံစွာပါရှိတဲ့ Spring Line Project ကို အကောင်အထည်ဖော်ခြင်းပဲဖြစ်ပါတယ်" ဟု Spring Line Project မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစီမံကိန်းတွင် လုပ်ငန်းလိုအပ်ချက်အရ ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်စီမံကိန်းပါဝင်ပြီး ဟိုတယ်၏ ပထမထပ်နှင့် တတိယထပ်မှာ Modern Shopping Center ဖြစ်ပြီး စူပါမားကတ်၊ စားသောက်ဆိုင်များ၊ အအေးဆိုင်များ၊ သီချင်းခွေဆိုင်များ၊ စာအုပ်ဆိုင်များ၊ ဘဏ်များပါဝင်မည်ဖြစ်သည်။ ဟိုတယ်၏ စတုတ္ထထပ်တွင် အဆင့်မြင့်စားသောက်ဆိုင်များ၊ ဘားများ၊ အပေါ်ဆုံးထပ်တွင် Sky View ဘား ပါရှိမည်ဖြစ်သည်။ အဆိုပါ SOHO Building ၏ Basement နှစ်ထပ်နှင့် Ground Floor တွင် လုံလောက်သော ကားပါကင်များ ထားရှိပေးထားပြီး အဆောက်အအုံ၏ တတိယထပ်တွင် total area $4000m^2$ ရှိ၍ ၂၄ နာရီ အသုံးပြုနိုင်သည့် ရေကူးကန်၊ ကော်ဖီဘား၊ စားသောက်ဆိုင်၊ Gym၊ အစည်းအဝေးခန်း၊ မိတ္တူ၊ ပရင်တာ၊ ဆေးခန်းများ စသည့် လုပ်ငန်းသုံးနှင့် နေထိုင်မှုများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးထားသည်ဟု သိရသည်။

ယင်းသို့ ပြည့်စုံကောင်းမွန်သည့် SOHO တိုက်ခန်းအမျိုးအစားများကို စိတ်ဝင်စားသူများပြားလာပြီး ရင်းနှီးမြှုပ်နှံလိုသူများလည်း များပြားလာသည်ဟု သိရသည်။ အိမ်ခြံမြေဈေးကွက် အနည်းငယ်အေးစက်နေချိန်တွင် တိုက်ခန်းအငှားဈေးကွက်ရှိနေဆဲဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် စိတ်ဝင်စားမှုရှိနေဆဲဖြစ်ကြောင်း သိရသည်။ သာမန်တိုက်ခန်းများနှင့် ယင်းသို့ SOHO တိုက်ခန်းအမျိုးအစားများကို ရင်းနှီးမြှုပ်နှံမှုနှိုင်းယှဉ်ချက်များအရ Annual return ရှစ်ရာခိုင်နှုန်းအထက်ရှိလျှင် ရင်းနှီးမြှုပ်နှံသင့်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။ လုပ်ငန်းတိုင်းတွင် Annual return ရှစ်ရာခိုင်နှုန်းရှိသင့်သည်ဟု သုံးသပ်ပြီး ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးဆုံချက်ဖြစ်သည့်အတွက် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကိုင်သူများကြောင့် အိမ်ခြံမြေတိုက်ခန်းအငှားဈေးကွက် အားကောင်းလျက်ရှိသည်ဟု သိရသည်။

Service Apartment များ၏ ငှားရမ်းခမှာ နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့် တိုးမြင့်နေပြီး SOHO တိုက်ခန်းများမှာ ငှားရမ်းခနှုန်းမြင့်သော်လည်း ငှားရမ်းရန်လွယ်ကူခြင်း၊ ဈေးနှုန်းတည်ငြိမ်ခြင်း စသည့် အချက်အလက်များနှင့် ပြည့်စုံပြီး ယင်းကို အကောင်အထည်ဖော်မည့် Spring Line Project သည် ရန်ကုန်မြို့တွင် ပထမဆုံးသော SOHO Project ဖြစ်သည့်အပြင် စင်ကာပူ KTP ဒီဇိုင်းကုမ္ပဏီမှ ရေးဆွဲထားသော ခေတ်မီ ၂၄ ထပ်တိုက် ငါးလုံးပါဝင်ကြောင်း သိရသည်။ လှိုင်မြစ်ကမ်းဘေးတွင် တည်ရှိပြီး မြစ်ရှုခင်းနှင့်အတူ အနာဂတ်ဖွံ့ဖြိုးလာမည့် ရန်ကုန်မြို့၏ အထင်ကရ အဆောက်အအုံတစ်ခုအဖြစ် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခင်ဇာလီ)**

# နိုင်ငံ့အချက်အချာ စီးပွားရေးမြို့တော်ကြီး၏ အနာဂတ်ခရီး

**ဆုနင်းလဲ့**

နှစ်စဉ်မြင့်တက်လာတဲ့လူဦးရေ၊ ယာဉ်အစီးရေတွေနဲ့ ယာဉ်ကြောကျပ်တည်းမှုတွေကို ခံစားနေရပြီး မိုးတွင်းအခါမှာလည်း ရေကြီးရေလျှံတတ်လေ့ရှိတဲ့ မြန်မာနိုင်ငံရဲ့ အချက်အချာ စီးပွားရေးမြို့တော်ကြီးရဲ့ အနာဂတ် ဘယ်လိုရှေ့ဆက်မလဲဆိုတာ အများပြည်သူများက စိတ်ဝင်စားလျက်ရှိသလို ပညာရှင်များကလည်း သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် အကြံပြုထောက်ပြထားမှုများလည်း ရှိပါတယ်။ အလားတူ လက်ရှိအစိုးရလက်ထက်မှာ ဂျပန်နိုင်ငံရဲ့ အလုံးအရင်းနဲ့ ကူညီပေးလာမှုတွေမှာ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Master Plan ပြန်လည်ရေးဆွဲခြင်းအပါအဝင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်း၊ တံတား၊ လျှပ်စစ်၊ ရေရရှိမှုစတဲ့ ကဏ္ဍအလိုက် ကူညီပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်သွားမယ်လို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA (မြန်မာ) ရဲ့ Chief Representative Mr.Keiichiro Nakazawa က ပြောကြားထားပါတယ်။

ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်း Master Plan ကို ယခင်အစိုးရလက်ထက်ကတည်းက ရေးဆွဲပေးခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် မြို့ပြစီမံကိန်းမှာ မပါဝင်တဲ့ စီမံကိန်းတွေ ဆောင်ရွက်ခဲ့တာကြောင့်လည်း လက်ရှိနဲ့ သင့်တော်မယ့် မြို့ပြစီမံကိန်း Master Plan ရေးဆွဲရန် လက်ရှိအစိုးရက တောင်းဆိုတဲ့အတွက် ယခင်ရေးဆွဲခဲ့တဲ့ ၂၀၄၀ ပြည့်နှစ်အထိ တစ်ဆင့်ချင်း ဖော်ဆောင်မယ့် ရန်ကုန်မြို့ပြစီမံကိန်းကို ပြန်လည်ရေးဆွဲရတာပဲဖြစ်တယ်လို့ JICA (မြန်မာ)မှ သိရပါတယ်။ အုပ်ချုပ်ရေးမြို့တော်အဖြစ် နေပြည်တော်ကို ပြောင်းရွှေ့သွားပေမယ့် အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ဆိပ်ကမ်းများရှိနေတဲ့ နိုင်ငံ့ဂိတ်ဝအများဆုံးရှိနေတဲ့ စက်မှုလုပ်ငန်းတွေနဲ့ အချက်အချာစီးပွားရေးမြို့တော်ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ပြီး နေချင့်စဖွယ် မြို့ပြတစ်ခုဖြစ်အောင် သက်ဆိုင်ရာအစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။

ထို့အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့ပါဝင်ပြီး ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ စီးပွားရေးဇုန်နဲ့ အထူးစီးပွားရေးဇုန်တွေ တည်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အချက်အချာဖြစ်နေတဲ့ မြို့ပြဖွံ့ဖြိုးရေးကို စီမံအကောင်အထည်ဖော်ဆောင်ရွက်နေရာမှာ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆောင်ရွက်နေသလို အတွေ့အကြုံရှိ ပြည်တွင်းပြည်ပ ပညာရှင်များကလည်း ၎င်းတို့၏ သုံးသပ်ချက်များကို အကြံပြုပြောကြားထားပါတယ်။

**ရန်ကုန်နှင့်နေရေး**

တိုက်ခန်းဈေးတွေ ကျဖို့ဆိုတာ အစိုးရကပါဝင်ပြီး ငွေကြေးမြှုပ်နှံ၊ အရစ်ကျစနစ်နဲ့ အစိုးရဘဏ် အထောက်အပံ့နဲ့လုပ်မှ ဖြစ်ပေါ်လာမယ့် ကိစ္စတစ်ခုဖြစ်တယ်လို့ ပညာရှင်တွေက ဆိုထားပါတယ်။ ရန်ကုန်မြေဈေးဟာလည်း အရှေ့တောင်အာရှမှာ အမြင့်ဆုံးလို့ဖြစ်နေပါတယ်။ အစိုးရက ပါဝင်ဆောင်ရွက်ပြီး အရစ်ကျစနစ်နဲ့ လုပ်ဆောင်ပေးမယ်ဆိုရင် တိုက်ခန်းဈေးတွေကျပြီး မြေဈေးတွေကျလာမယ်။ လုပ်ငန်းတွေလည်း အများကြီး ပေါ်ပေါက်လာမှာဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါ်ထွန်းလာမယ်လို့ ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ် မြို့ပြရေးရာ ဖွံ့ဖြိုးမှု သုတေသနဌာန ပါမောက္ခ ဒေါက်တာဝီထိုင်းက ဆိုထားပါတယ်။ တရုတ်နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ် ၃၀ လောက် ကတည်းက ဝန်ထမ်းတွေကို နှစ်ပေါင်းများစွာ သားစဉ်မြေးဆက် အရစ်ကျစနစ်နဲ့ အိမ်ပိုင်ဖြစ်အောင် လုပ်ပေးထားတဲ့ စနစ်တွေရှိတယ်လို့ ဥပမာပြထားပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ပါမောက္ခ ဒေါက်တာစိန်မြင့်က သုံးသပ်ထားတာမှာ ပုဂ္ဂလိကဘဏ်တွေဟာ နှစ်ရှည်အရစ်ကျစနစ်နဲ့ အကောင်အထည်ဖော်နိုင်လောက်အောင် ငွေကြေးမတောင့်တင်းကြသေးပါဘူး။ နောက်တစ်ခုက အတိုးနှုန်းများနေခြင်းပါပဲ။ ဘဏ်တိုးနှုန်းများနေခြင်းဟာလည်း အတားအဆီးတစ်ခုဖြစ်နေပြီး ဘဏ်တိုးနှုန်း လျှော့ချဖို့ လိုအပ်တယ်လို့ ဖြည့်စွက်ဆွေးနွေးထားပါတယ်။ လက်ရှိမှာတော့ ရန်ကုန်မြို့မှာအငှားအိမ်ရာစနစ် အပါအဝင် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာစီမံကိန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအမံတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ တရားဝင်သတင်းထုတ်ပြန်ထားချက်တွေအရ သိရပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့မှာ နေ့စဉ်ကြုံတွေ့နေရတဲ့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို အဖြေရှာရမယ်ဆိုရင် ရန်ကုန်မြို့မှာရှိနေတဲ့ လမ်းမကြီးတွေရဲ့ အဓိကဝင်ပေါက်တွေကို ထည့်သွင်းစဉ်းစားရမယ်လို့ ဒေါက်တာဝီထိုင်းက ဆိုထားပါတယ်။

ရန်ကုန်မြို့တွင်းကို အနီးကပ်ဆုံး ချဉ်းကပ်ဝင်ရောက်နေတဲ့ လမ်းတွေကတော့

(၁) ပြည်လမ်းမကြီးမှ အင်းစိန်လမ်းနှင့် ပြည်လမ်း ပေါင်း၍ ဝင်ရောက်ခြင်း၊
(၂) ကမ္ဘာအေးဘုရားလမ်းအတိုင်း ဝင်ရောက်ခြင်း၊
(၃) တာမွေမှ သိမ်ဖြူလမ်းအတိုင်း ဝင်ရောက်ခြင်း
(၄) အထက်/အောက် ပုဇွန်တောင်လမ်းမှ ဝင်ရောက်ခြင်း၊
(၅) မဟာဗန္ဓုလတံတားမှ ဆင်း၍ မဟာဗန္ဓုလလမ်းအတိုင်း ဝင်ရောက်ခြင်း၊
(၇) ကြည့်မြင်တိုင်ကမ်းနားလမ်းမှ ဝင်ရောက်ခြင်း၊
(၈) အထက်/အောက် ကြည့်မြင်တိုင်လမ်းမှ ဝင်ရောက်ခြင်း၊
(၉) ဗဟိုလမ်းမှ ဗဟိုအမျိုးသမီးဆေးရုံလမ်းအတိုင်း ဝင်ရောက်ခြင်း၊
(၁၀) ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားလမ်းမှ ဝင်ရောက်ခြင်း

တို့ရှိနေတယ်လို့ ၎င်းက သုံးသပ်ထားပါတယ်။ ရန်ကုန်မြို့တွင်းကို ဝင်ရောက်ဖို့အတွက် Elevate Way ကောင်းကင်လမ်းဖောက်လုပ်ဖို့ မလိုအပ်သေးဘဲ မြို့ပတ်ရထားလမ်းကို အဆင့်မြှင့် Elevate Way ကောင်းကင်လမ်း ဖောက်လုပ်ပေးမယ်ဆိုပါက ပိုမိုသင့်တော်မယ်လို့ သုံးသပ်ထားပါတယ်။ ဘတ်စ်ကားလမ်းကြောင်းတစ်လျှောက် ယာဉ်လိုင်းများထပ်နေပြီး အပြိုင်အဆိုင် အလုအယက်မောင်းနှင်တာ၊ အချိန်ကြာမြင့်စွာ လူအတင်အချလုပ်တာတွေက ယာဉ်ကြောပိတ်ခြင်းရဲ့ အဓိကအကြောင်းရင်းတွေပဲဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြို့တွင်းအဝင် လိုင်းကားများကို စနစ်တကျဖြစ်စေရေးအတွက် အဆင့်သုံးဆင့်ခွဲပြီး ပတ်လမ်းတွေနဲ့ ဆောင်ရွက်သင့်တယ်လို့ ၎င်းက အကြံပြုထားပါတယ်။

**(က) မြို့တွင်းပတ်လမ်း**

မြို့တွင်း ခြောက်မြို့နယ်အပြင် ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဗဟန်းစတဲ့ မြို့နယ်တွေမှာလည်း ယာဉ်ကြောပိတ်နေတာကြောင့်

(၁) အင်းစိန်လမ်းနဲ့ ပြည်လမ်း ပေါင်း၍ ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေကို ဗိုလ်ချုပ်လမ်းအထိ ဝင်ရောက်ခွင့်မပြုဘဲ ဗိုလ်ချုပ်လမ်းထောင့်နဲ့ ပြည်လမ်းထောင့်မှာရှိတဲ့ မင်းရဲကျော်စွာလမ်း ယခင်ကားအရောင်းအဝယ်စခန်းကို ယာဉ်ရပ်နားစခန်း (Bus Terminal)အဖြစ် သတ်မှတ်ပေးသင့်ပါတယ်။

(၂) ကမ္ဘာအေးဘုရားလမ်းအတိုင်း ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေကို ကန်တော်ကြီးထောင့် ယခင်ငါးပြတိုက်ဟောင်းနေရာမှာ ယာဉ်ရပ်နားစခန်းအဖြစ် သတ်မှတ်ပေးသင့်တယ်လို့ ဆိုပါတယ်။

(၃) တာမွေ-ဗဟန်းဒေသလမ်းက သိမ်ဖြူလမ်းအတိုင်း ဝင်ရောက်လာတဲ့ ကားတွေကို ကန်တော်ကြီးပတ်လမ်း မြန်မာနိုင်ငံ ဆရာဝန်များအသင်းတိုက်ရှေ့ ရှိရာ လက်ဝဲရှေ့ရှေ့မှာ မြေနေရာကျယ်ဝန်းတဲ့အတွက် ယာဉ်ရပ်နားစခန်းအဖြစ် သတ်မှတ်ထားရှိသင့်ပါတယ်။

(၄) အထက်/အောက် ပုဇွန်တောင်လမ်းက ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေ၊ ဒေါပုံ၊ သာကေတမှ ပုဇွန်တောင်ကို ဝင်ရောက်လာတဲ့ ကားတွေကို အထက်ပုဇွန်တောင်လမ်းပေါ်မှာရှိတဲ့ မီးရထားကျောက်ပုံဆိပ်နေရာကို စနစ်တကျရှင်းလင်းပြီး ယာဉ်ရပ်နားစခန်းအဖြစ် သတ်မှတ်ထားရှိသင့်ပါတယ်။

(၅) ရှုခင်းသာလမ်းမှ မဟာဗန္ဓုလတံတားအား ဖြတ်၍ ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေကို မဟာဗန္ဓုလတံတားအဆင်းမှာရှိတဲ့ အစိုးရဌာနပိုင် ယာဉ်ရပ်နားစခန်းအား ပြန်လည်အသုံးပြုသင့်ပါတယ်။

(၆) ကြည့်မြင်တိုင် ကမ်းနားလမ်းက ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေနဲ့ အထက်/အောက် ကြည့်မြင်တိုင်လမ်းက ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေ၊ ဗဟိုလမ်းတစ်လျှောက် ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေကို သခင်မြပန်းခြံပတ်လည်အား ယာဉ်ရပ်နားစခန်းအဖြစ် သတ်မှတ်ပြီး ယင်းမှမြို့တွင်းသို့ လက်ဝဲရစ်၊ လက်ယာရစ်အဖြစ် ယာဉ်လိုင်းတစ်လိုင်း(သို့မဟုတ်) အများပိုင်ယာဉ်လိုင်း ကုမ္ပဏီတစ်ခုက တာဝန်ယူပြေးဆွဲစေသင့်တယ်လို့ အာဆီယံပို့ဆောင်ရေးကဏ္ဍတွင် နှစ်များစွာ တာဝန်ယူခဲ့သူ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အထက်ပါအတိုင်း ဖြည့်စွက်အကြံပေးထားပါတယ်။

**(ခ) မြို့တွင်းအဝင်**

အထက်ဖော်ပြပါ Bus Terminal များကို မြို့နယ်အသီးသီးက ဝင်ရောက်ရာလမ်းကြောင်း မြို့ပတ်ရထားပတ်လမ်းနဲ့အပြိုင် ရှေးယခင်က စီမံကိန်းချဖောက်လုပ်ဖို့ လျာထားခဲ့တဲ့ ကားပတ်လမ်း မြေနေရာအတွင်းမှာ ကျူးကျော်အိမ်ရာတွေနဲ့ မြေနေရာတွေကို ပြန်လည်ရှင်းလင်း သိမ်းယူပြီး ကားပတ်လမ်းအဖြစ် အမြန်ဆုံး အကောင်အထည်ဖော်သင့်တယ်လို့ ၎င်းတို့က ဝေဖန်အကြံပြုထားပါတယ်။ ယင်းပတ်လမ်းတွေ ပြီးစီးပါက မြို့နယ်အသီးသီးမှာရှိတဲ့ ဘူတာနဲ့ အနီးဆုံးနေရာတွေမှာ ယာဉ်ရပ်နားစခန်းတွေ တည်ဆောက်ပြီး အဲဒီစခန်းမှ ထွက်လာတဲ့ ဘတ်စ်ကားတွေကို အထက်ဖော်ပြပြီးဖြစ်တဲ့ မြို့တွင်း Bus Terminal တွေမှာ ဂိတ်ဆုံးရပ်နားစေတဲ့ စနစ်ကို အကြံပြုထားကြပါတယ်။

**(ဂ) မြို့သစ်များသို့ ပတ်လမ်း**

အထက်ဖော်ပြပါ အပိုဒ်(ခ) မှာ ဖော်ပြခဲ့တဲ့ မြို့နယ်အသီးသီးရှိ ဘူတာနဲ့အနီးဆုံးနေရာက ယာဉ်ရပ်နားစခန်းများမှ မြို့အစွန်များကို ပြန်လည်ပြေးဆွဲစေတဲ့ တတိယမြောက် ပတ်လမ်းကို ဖော်ဆောင်ပေးသင့်တယ်လို့ သုံးသပ်ထားပါတယ်။ လက်ရှိရန်ကုန်မြို့မှာ ယာဉ်အစီးရေဟာ သုံးသိန်းကျော်ခန့်သာ ရှိနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာရှိတဲ့ မြို့တော် ဗန်ကောက်၊ ကွာလာလမ်ပူ၊ ဟိုချီမင်း၊ ဟနွိုင်း၊ ဖနွမ်ပင်၊ ဂျကာတာတို့မှာရှိတဲ့ ၁၀ ဆ၊ အဆ ၂၀ ထက်မက များပြားတဲ့ ယာဉ်အစီးရေနဲ့ နှိုင်းယှဉ်ဖော်ပြရမယ်ဆိုပါက ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းဖို့ ပတ်လမ်းတွေများစွာ ရှိနေတယ်လို့ သိရပါတယ်။ အချို့မြို့နယ်များမှာရှိတဲ့ လမ်းသွယ်တွေဟာ ဖြတ်လမ်းတွေဖြစ်နေတဲ့အတွက် Cross Cut ဖြတ်ထွက်လို့ မရတဲ့ လမ်းသွယ်တွေဖြစ်ပြီး ယင်းလမ်းသွယ်တွေကို Upgradeလုပ်ပေးခြင်းနဲ့ မြို့သစ်တွေမှာရှိတဲ့ လမ်းတွေကို လမ်းကျယ်တွေအဖြစ် ယာဉ်လိုင်းတွေတိုးချဲ့ပြေးဆွဲနိုင်ဖို့ Upgrade လုပ်ပေးခြင်းဖြင့် အချိန်တိုအတွင်း အမြန်ဆုံး အကောင်အထည်ဖော်ပေးမယ်ဆိုပါက မြို့သစ်တွေမှာ ဖြစ်ပေါ်နေတဲ့ ယာဉ်ကြောကျပ်တည်းမှုတွေလည်း လျော့ကျသွားမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

မြို့သစ်များ တည်ဆောက်ရန် အကောင်အထည်ဖော်ရေးဆွဲရာမှာ ယခင်ကပုံစံမျိုးမဖြစ်သင့်ဘဲ One Stop Services ဇရိယာတစ်ခုအဖြစ် နိုင်ငံတကာရှိ မြို့သစ်များ တည်ဆောက်လျက်ရှိသည့် ပုံစံအား အတုယူ တည်ဆောက်သင့်တယ်လို့ မြို့ပြရေးရာ ပညာရှင်များက ဝေဖန်အကြံပြုထားပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတစ်ခုလည်းဖြစ်တဲ့အတွက် အာဆီယံနိုင်ငံ အသိုင်းအဝိုင်းများအတွင်း လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံသားများ၏ ရှိရာလေ့ထုံးစံများအား ဦးစားပေး အလေးထား ပေါင်းစပ်ပုံဖော်ဆောက်သင့်တယ်လို့ အကြံပြုကြပါတယ်။ မြို့သစ်တစ်ခု တည်ဆောက်ရာမှာ သက်ဆိုင်ရာ ဌာနအသီးသီးနဲ့ ဆက်စပ်လျက်ရှိတဲ့ လုပ်ငန်းသဘာဝနဲ့ လုပ်ထုံးလုပ်နည်းတွေကို စနစ်သစ် နိုင်ငံတကာစံနှုန်းတွေနဲ့ ပြောင်းလဲသုံးသပ်ဆောင်ရွက်သင့်ပြီး နှစ် ၃၀၊ ၄၀ အတွင်း ဖြစ်ပေါ်လာမယ့် အနာဂတ်လိုအပ်ချက်တွေကို ထည့်သွင်းစဉ်းစားရမယ့်အပြင် ရာသက်ပန်လိုအပ်ချက်များ၊ လျာထားချက်များကိုလည်း တစ်ပါတည်းထည့်သွင်း စဉ်းစားတွက်ချက်ရမှာဖြစ်တယ်လို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဦးအောင်မြင့်က သုံးသပ်ထားပါတယ်။

ရန်ကုန်မြို့ရဲ့ မြေဈေးကြီးမြင့်မှု ပြဿနာကလည်း တတိယအဆင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုပဲဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူတွေရဲ့ စီးပွားရေးဝင်ငွေကောင်းမွန်မှု အပေါ်မှာ မူတည်ပြီး မြို့ပြများမှာ ရင်ဆိုင်ကြုံတွေ့ရမဲ့ ပြဿနာတစ်ရပ်ဖြစ်တဲ့အတွက် စနစ်တကျ စီမံချက်များချမှတ် အကောင်အထည်ဖော်ရန် လိုအပ်မှာဖြစ်ပါတယ်။ ယခင်အဆက်ဆက် အနာဂတ်စီမံချက်များအား ကြိုတင်သုတေသနပြုလုပ်ပြီး စီမံချက်များ မရေးဆွဲခဲ့ခြင်းကို လက်ရှိမှာ ပြုပြင်ပြောင်းလဲပြီး ကျွမ်းကျင်ပညာရှင်တွေနဲ့ လက်တွဲပူးပေါင်းကာ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်သင့်တယ်လို့ မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာကျော်လတ်က ဆွေးနွေးအကြံပြုထားပါတယ်။

ရန်ကုန်မြို့ရဲ့ အဆင့်မြင့်တင်ရေးစီမံကိန်းမှာ အဓိကကျနေတဲ့ အခြေခံလူတန်းစားတစ်ရပ်တွေရဲ့ အခန်းကဏ္ဍကလည်း ပါဝင်နေပါတယ်။ ကျူးကျော်ပြဿနာနဲ့ လမ်းဘေးဈေးသည်ပြဿနာပါ။ သဘာဝဘေးများဖြစ်ပေါ်ပြီးနောက်ပိုင်းမှာ အခြေချနေအရပ်ရပ်ကြောင့် ဒေသနေရပ်ကို စွန့်လွှတ်ပြီး စီးပွားရေးအခွင့်အလမ်းရှိတဲ့ မြို့ပြမှာ အဆင်ပြေသလို နေထိုင်ရင်း စားဝတ်နေရေးအတွက် ဈေးရောင်းချ ဖြေရှင်းနေရတဲ့ အခြေခံလူထုရဲ့ စားဝတ်နေရေးပြဿနာဟာ ကြီးမားပါတယ်။ ဒီနေရာမှာ ကျူးကျော်ကိစ္စကို စနစ်တကျ ဖြေရှင်းမယ်လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားဝင်ပြောကြားထားပြီး စစ်တမ်းကောက်ယူမှုတွေကို လုပ်ဆောင်နေကြပါတယ်။ သို့သော်လည်း ကျူးကျော်အိမ်တွေကို မသမာအဆင့်ငှားရမ်းနေတဲ့ ဖန်တီးနေတဲ့ သူတွေကလည်း ရှိနေပါတယ်။ နောက်တစ်ချက်ကတော့ လမ်းဘေးဈေးသည် ပြဿနာပဲဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုမှာ အဓိကအကြောင်းရင်းတစ်ရပ်အနေနဲ့ ပါဝင်နေတဲ့ လမ်းဘေးဈေးသည် ပြဿနာကို ဖြေရှင်းရာမှာ အခြေခံလူတန်းစားတွေဖြစ်တဲ့အတွက်ကြောင့်လည်း ၎င်းတို့ရဲ့ စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းနိုင်ဖို့ရာ စီမံဖော်ဆောင်ပေးရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ ရန်ကုန်မြို့တွင်းမြို့နယ်များအတွင်းမှာရှိတဲ့ လမ်းဘေးဈေးသည်တွေကို စနစ်တကျ ရောင်းချနိုင်ရေး ကမ်းနားလမ်းမှာ ညဈေးအဖြစ် အကောင်အထည်ဖော်နေပါတယ်။

နိုင်ငံတကာ ညဈေးတန်းများကဲ့သို့ စနစ်တကျ ရောင်းချနိုင်ရေးအတွက် ရေ၊ မီး၊ သန့်စင်ခန်း စတဲ့ အခြေခံလိုအပ်ချက်တွေကို ထားရှိပေးထားပြီး ရေရှည်ဖွင့်လှစ်နိုင်ဖို့အတွက် ပြင်ဆင်ထားတယ်လို့ မြို့တော်စည်ပင်က တရားဝင်သတင်းထုတ်ပြန်ထားပါတယ်။ ကမ်းနားလမ်းညဈေးတန်းကို နိုဝင်ဘာ ၂၃ ရက် ညနေမှာ စည်ကားသိုက်မြိုက်စွာ စတင်ဖွင့်လှစ်လိုက်ပြီး အစားအသောက်၊ သစ်သီးဆိုင်များကို စတင်ဖွင့်လှစ်ရောင်းချစေမှာဖြစ်ပါတယ်။ ဒါ့အပြင် အခြားသော ညဈေးတန်းများကိုလည်း ရန်ကုန်မြို့ နေရာအသီးသီးမှာ ပုဂ္ဂလိကအပိုင်းကလည်း ဖော်ဆောင်လာတာတွေ တွေ့ရပါတယ်။ ဒါ့ကြောင့်လည်း မြို့ပြဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ ကဏ္ဍအသီးသီးအလိုက် ထည့်သွင်းစဉ်းစားသုံးသပ်ရမှာတွေ များစွာရှိနေပြီး ရေရှည်အထိ အောင်မြင်အောင်အကောင်အထည်ဖော်နိုင်ဖို့ ကောင်းမွန်သော မြို့ပြစီမံကိန်းများ ရှိရန်လိုအပ်သကဲ့သို့ အများပြည်သူ၏ ပူးပေါင်းပါဝင်မှုများလည်း လိုအပ်မှာဖြစ်တယ်လို့ မြို့ပြရေးရာ ကျွမ်းကျင်သူတွေက သုံးသပ်ပါတယ်။

မြို့သစ်တွေနဲ့ ရန်ကုန်မြို့ပေါ် မြို့နယ်များမှာ ဒေသအလိုက် စီးပွားရေးအချက်အချာကျသော နယ်မြေများ အခြေအနေဖန်တီးပေးမှုများကြောင့် ပေါ်ထွန်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ ဥပမာအားဖြင့် မြေနီကုန်း၊ စမ်းချောင်းလမ်း၊ ကမာရွတ်-လှည်းတန်းလမ်းဆုံနဲ့ ရွှေဂုံတိုင်၊ သမိုင်းလမ်းဆုံ၊ ကမ္ဘာအေး၊ ရွှေဂုံတိုင်လမ်းဆုံ၊ ပါရမီ၊ ချော်တွင်းကုန်း၊ မြောက်ဥက္ကလာ မယ်လမုဘုရား၊ မြောက်ဥက္ကလာအဝိုင်း လမ်းဆုံ၊ တာမွေ စတဲ့ စီးပွားရေးဇုန်များ အစီအရီ စနစ်တကျမရှိသော၊ စည်းကမ်းတကျ မရှိသော နယ်မြေများအဖြစ် မြို့နယ်တိုင်းမှာ ဖြစ်တည်နေပါတယ်။ ယင်းဒေသနယ်မြေများကို စနစ်တကျ စည်းကမ်းတကျ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ မြှင့်တင်ပေးခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သင့်တယ်လို့ မြို့ပြပညာရှင်များက အကြံပြုတင်ပြထားပါတယ်။ ထိုစီးပွားရေးဇုန်များ ဖော်ထုတ်ပေးခြင်းမှ ကောင်းမွန်တဲ့ စီမံချက်များဖြစ်သော်လည်း အချိန်ယူတည်ဆောက်ရခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်ရန် အချိန်ပေးရခြင်းများ ရှိနေမှာဖြစ်တယ်လို့ မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများ ပြုစုဖတ်ကြားပြီး တင်ပြထားပါတယ်။ ။

# လွတ်လပ်ရေးကိုတည်၍ စဉ်းစားမိသော ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်

စောနိုင်(အသုံးချဘောဂဗေဒ)

**တန်ဖိုးသိမှ တန်ဖိုးရှိ**

နံရံမှ နှစ်ဟောင်းပြက္ခဒိန်ကိုဖြုတ်၍ နှစ်သစ်ပြက္ခဒိန်သစ်ကို ချိတ်ပြီးခါစ၊ ထိုပြက္ခဒိန်၏ ပထမစာမျက်နှာရှိ ဇန်နဝါရီ ၄ ရက် နံနက်စောစောစီးစီး အချိန်တွင် မြန်မာနိုင်ငံအတွက် ထူးခြားသော၊ အမှတ်တရဖြစ်စေသော အောင်မြင်မှုတစ်ခုရရှိခဲ့သည်။ တစ်နည်းအားဖြင့် မြန်မာပြည် ပြန်လည်မွေးဖွား သန့်စင်ခဲ့သည့်အချိန်ဟုလည်း ဆိုရမည်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့ဝါဒဖြင့် မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၀၀ နီးပါး သိမ်းပိုက်ခဲ့သော အင်္ဂလိပ်တို့ထံမှ မြန်မာနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးအတွက် မြန်မာပြည်သူပြည်သား တိုင်းရင်းသားအပေါင်းတို့သည် တစ်ဗိုလ်ကျ တစ်ဗိုလ်တက်၊ တစ်နည်းမရ တစ်နည်းဖြင့် နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ခဲ့ကြသည်။ အသက်သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ရင်းနှီးခဲ့ကြရသည်။ မည်မျှအထိပေးဆပ်ခဲ့ရသနည်း။ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် နိုင်ငံအနှံ့မှ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အသက်သွေး၊ ချွေးစတေးခဲ့ရ၏။ လွတ်လပ်ရေးရလုဆဲဆဲကာလတွင် တစ်နိုင်ငံလုံး ချစ်ခင်လေးစားကြည်ညိုရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ အသက်ဇီဝိန်များ အခြွေခံခဲ့ရသည်။ မိမိတို့ပိုင်ဆိုင်ခဲ့သည့် ကိုယ်ပိုင်အရာတစ်ခု ပြန်လည်ရရှိရေးအတွက် အလွန်အမင်း ပေးဆပ်ခဲ့ကြရလေသည်။

ဤသို့ဆိုလျှင် မြန်မာတို့ပြန်လည်ရရှိခဲ့သောလွတ်လပ်ရေးသည် အရင်းအနှီး ပေးဆပ်ရမှု ကြီးမားသောကြောင့် အလွန်အမင်းတန်ဖိုးကြီးမားလှသည်ဟု ပြောရပေတော့မည်။ ထိုသို့တန်ဖိုးကြီးမားလှပြီး အဖိုးမဖြတ်နိုင်သည့် လွတ်လပ်ရေးကို နှစ်နှစ်ကာကာ မြတ်နိုးတတ်ရန်လိုသည်။ တစ်ဦး၊ တစ်ယောက်ချင်း အကျိုးစီးပွားမှစ၍ တစ်နိုင်ငံလုံးအကျိုးစီးပွားအတွက် အဖိုးတန်သော အခွင့်အလမ်းအဖြစ် အသုံးပြုရာတွင်လည်း အကျိုးရှိရှိ၊ ထိထိရောက်ရောက် အသုံးချတတ်ရန်လိုသည်။ ထို့အပြင် အဖိုးတန်လှသော လွတ်လပ်ရေးကို မိမိတို့လက်ဝယ်ရေရှည်တည်တံ့စေရန်နှင့် ပြန်လည်ဆုံးရှုံးမသွားစေရန်လည်း အထူးအလေးထား၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်။ ထိုအခြေအနေများကို နှလုံးသွင်းထားနိုင်စေရန် လွတ်လပ်ရေး၏တန်ဖိုးကို ကောင်းစွာသိမြင်မှုဖြစ်မည်။ အလေးထားရကောင်းမှန်း သိမှုဖြစ်ပေသည်။

**အခွင့်အရေး၊ တာဝန်ဝတ္တရားနှင့် အပြုအမူ**

"လွတ်လပ်ရေး" သဘောတရားနှင့်ပတ်သက်၍ လေ့လာအကိုးအကားပြုစရာများစွာရှိ၏။ တစ်နိုင်ငံလုံး ချစ်ခင်လေးစားသော၊ လွတ်လပ်ရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အယူအဆကို လေ့လာရုံနှင့်ပင် အလွယ်တကူသဘောပေါက်နိုင်သည်။ လွတ်လပ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အယူအဆကို ၎င်း၏မိန့်မှာချက်တစ်ခု၌ ဤသို့တွေ့လိုက်ရသည်။

". . . လွတ်လပ်ရေးရတော့မယ်လို့ဆိုလို့ရှိရင်. . . ပဒေသာပင်ကြီး ချက်ချင်း နေ့ချင်းညချင်းပေါက်လာကြတော့မယ်လို့ ခင်ဗျားတို့ထင်ကြတဲ့လူတွေများကြတယ်။ တချို့လည်းပဲ ဟာ. . . လွတ်လပ်ရေးရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့. . .၊ ဟသ်ာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ . . လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ. . . လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာ သွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးတွေလှန်းတယ်။ အဲသည်တော့ လမ်းသွား လမ်းလာလုပ်တဲ့လူတွေ အတော်ခွကျသွားတယ်။ အဲဒါ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ. . တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားသူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။"

လွတ်လပ်ရေးဟူသည် စည်းကမ်းမဲ့စွာဖြင့် မိမိတို့လုပ်ချင်ရာ၊ မိမိတို့ဆန္ဒအတိုင်း (တစ်ဖက်သား သို့မဟုတ် လူအများ၏အကျိုးစီးပွားကို ထိခိုက်မှုရှိ၊ မရှိ မစဉ်းစားဘဲ) လုပ်နိုင်သည့် အခြေအနေမဟုတ်သည်ကိုလည်းကောင်း၊ အစွန်းရောက်သည့်သဘောရှိသော အခြေအနေမျိုးမဟုတ်ကြောင်းကို ဗိုလ်ချုပ်က ထောက်ပြပြောဆိုသွားခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးသည် စည်းနှင့်ကမ်းနှင့်ဖြစ်သည်။ စည်းကမ်းနည်းလမ်းကို ကောင်းစွာနားလည်ပြီး အလုပ်လုပ်ကြမှသာ လွတ်လပ်ရေးရရှိခြင်း၏ အနှစ်သာရကို ရရှိခံစားရမည်ဖြစ်ကြောင်းကိုလည်း ဤသို့မိန့်မှာခဲ့သည်ကို ဖတ်ရှုခဲ့ရသည်။

"လွတ်လပ်ရေး အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ . . . အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရတယ်။"

လွတ်လပ်ရေးဆိုသည့်အရာတွင် အခွင့်အရေးများနှင့်အတူ တာဝန်ဝတ္တရားများရှိလာပုံ၊ အခြားတစ်ဖက်၏ အကျိုးစီးပွားကိုလည်း ဂရုပြုရန်လိုပုံ၊ စည်းစနစ်နှင့် စည်းကမ်းကျနစွာ နေထိုင်ရပ်တည်ကာ နိုင်ငံ့အကျိုးစီးပွားအတွက် လွတ်လပ်ရေးကို အကျိုးရှိစွာ အသုံးပြုရန်လိုအပ်ပုံ၊ လွတ်လပ်ရေး၏ ကြီးမားသော တာဝန်နှင့် ထိုတာဝန်ကိုသိရှိ၍ လိုက်နာရမည့်အရာများကိုလည်း အများပြည်သူတို့၏ နှလုံးသည်းပွတ်သို့ရိုက်ခတ်သွားနိုင်သည်အထိ ဗိုလ်ချုပ်က ဤသို့ သတိပေးစကားပြောကြားခဲ့လေသည်။ အရိုင်းဆန်သော်လည်း နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှလာသော စကားလုံးများဖြစ်သဖြင့် ဤတစ်သက်မည်သို့မျှ မေ့မရနိုင်သည့် စကားများဖြစ်ခဲ့ရသည်။

"လွတ်လပ်ရေးရတဲ့အခါမှာ ကျုပ်တို့ဗမာ(မြန်မာ)တွေကသာလျှင် ဗမာ(မြန်မာ)ပြည်ကို ကာကွယ်ရမယ့်တာဝန်ဟာ အဓိကဖြစ်တယ်။ . . အရင်တုန်းကလို ခင်ဗျားတို့ အေးအေးဆေးဆေးနေလို့ မဖြစ်နိုင်တော့ဘူး။ . . . ဒါဟာ လွတ်လပ်ရေးရတဲ့အခါမှာ ဖြစ်ရမယ့်တာဝန်မျိုးပဲ။ လွတ်လပ်ရေးရတဲ့အခါမှာ ဖြစ်ရမယ့်တာဝန်တွေပဲ. . ."

". . . ရှေ့ကို လွတ်လပ်ရေးရဲ့အရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ကနေ့ ပြောခဲ့ချင်တယ်။"

ဤစကားများအလွန်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မသမာသူတို့၏ လက်ချက်ဖြင့် သူကချစ်ခင်သော၊ သူ့ကိုချစ်ခင်သော ပြည်သူများကိုထားရစ်ခဲ့ကာ ကမ္ဘာမြေပေါ်မှ ထွက်ခွာသွားခဲ့ရလေသည်။ အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် တိုက်ပွဲဝင်ကာလတစ်လျှောက် ကွယ်လွန်သူ အမျိုးသားခေါင်းဆောင်ကြီး၏ လွတ်လပ်ရေးနှင့်ဆိုင်သည့် နှုတ်ထွက်စကားများသည် လေ့လာလိုက်နာ၊ ကျင့်သုံးရမည့် မှတ်သားစရာ သင်ခန်းစာများဖြစ်သည်။ ရှေးကဘိုးဘွားများမှစ၍ စာရေးသူတို့ ယခုအချိန်အထိ နည်းလမ်းများ၊ သင်ခန်းစာများလည်း ရရှိခဲ့ကြပြီးဖြစ်သည်။ လိုက်နာကျင့်သုံးဖို့သာလိုတော့ပြီဖြစ်သည်။

**ဒီမိုကရေစီမှရလာသည့် လွတ်လပ်မှု၊ ဈေးကွက်စနစ်မှရလာသည့် လွတ်လပ်မှုစသည့် စာရေးသူတို့ အလိုရှိသော လွတ်လပ်မှုတို့သည်လည်း တစ်ဖက်သတ်ဆန်သော၊ ကိုယ်ကျိုးကိုသာကြည့်သော၊ မျှတမှုမရှိသောအခြေအနေကို အခြေခံထားခြင်းမရှိကြောင်း သဘောပေါက်လာခဲ့ပြီဖြစ်သည်။ ထိုသို့မဟုတ်ဘဲ အစွန်းရောက်သည့်လွတ်လပ်သော အပြုအမူမျိုးမှာမူ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုရှိနိုင်မည်မဟုတ်ပေ။ တာရှည်ခံဒီမိုကရေစီ၊ တာရှည်ခံဈေးကွက်စနစ် မထွန်းကားနိုင်ပေ။ ဓမ္မဓိဋ္ဌာန်ကျသော လွတ်လပ်သည့် အပြုအမူမျိုးသာလျှင် . . .**

**အခြားတစ်ဖက်ကို မထိခိုက်စေသော ဒီမိုကရေစီ၏ လွတ်လပ်မှု**

ယခု မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စသည့် အရေးပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီနိုင်ငံရေးယန္တရားဖြင့် ကြိုးစားအားထုတ် လုပ်ဆောင်နေသည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းထဲတွင်လည်း ဒီမိုကရေစီဝေါဟာရကို လူတိုင်းရင်းရင်းနှီးနှီး ကြားဖူးနေပြီဖြစ်သည်။ ဒီမိုကရေစီအကြောင်းပြောတိုင်း လွတ်လပ်စွာပြုမူခြင်းအကြောင်းသည်လည်း ပတ်သက်လာရသည်။ ဒီမိုကရေစီဆိုသည်နှင့် လွတ်လွတ်လပ်လပ် လုပ်မည်ဟု ချက်ချင်းသဘောပေါက်သွားကြ၏။ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆန္ဒထုတ်ဖော်ခွင့် စသဖြင့် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများအားလုံးကို ဒီမိုကရေစီတွင် ရရှိနိုင်သည်ဟု နားလည်ထားကြခြင်းဖြစ်သည်။ သို့သော် ထိုလွတ်လပ်မှုသည် တစ်ဖက်လူ၊ တစ်ဖက်အဖွဲ့ စသဖြင့် မိမိမှလွဲ၍အခြားပြင်ပသို့ ဆိုးကျိုးသက်ရောက်မှုမရှိသော၊ မထိခိုက်စေသော လွတ်လပ်မှုသာဖြစ်သည်။

ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်တွင် ထိုလူ့အဖွဲ့အစည်းအတွင်းရှိ လူအားလုံး လွတ်လပ်စွာပါဝင်ကြ၏။ အများ၏ဆန္ဒအရ ရလဒ်ဖြစ်ထွန်းပေါ်ပေါက်၏။ ထိုသို့တစ်ဦးချင်း၏လွတ်လပ်သော အပြုအမူများဖြင့် အများ၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဒီမိုကရေစီဆိုသည်မှာ လူအများစု၏ ဆန္ဒအတိုင်း လူအများစုအကျိုးအတွက် လုပ်ဆောင်သောစနစ်ဟု သာမန်အတွေးဖြင့်ပင် နားလည်နိုင်သည်။ ထို့ကြောင့်လည်း ဒီမိုကရေစီစနစ်၏ အခြေခံအကြောင်းတရားမှာ လူအများ၏ဆန္ဒဖြစ်ပြီး အခြေခံအကျိုးတရားမှာ လူအများ၏အကျိုးစီးပွားဖြစ်ပေသည်။ လူအများ၏ဆန္ဒဟုဆိုရာတွင် လွတ်လပ်ခြင်းဟူသည် အခြေခံအကြောင်းဖြစ်သောကြောင့် လူတစ်ဦးချင်း၊ တစ်ယောက်ချင်းစီသည် ၎င်းတို့၏ စိတ်ဆန္ဒအတိုင်း (မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အဖွဲ့အစည်း၏ လွှမ်းမိုးမှု၊ ထိန်းချုပ်မှုမရှိဘဲ လွတ်လပ်စွာဖြင့်) ပြုလုပ်နိုင်ခွင့်ရှိခြင်းပင်ဖြစ်သည်။ မိမိတို့၏စိတ်တိုင်းကျ ပြုမူပြောဆိုလုပ်ကိုင်ခြင်းသည်သာ ဒီမိုကရေစီ၏ အနှစ်သာရအားလုံးဟု ထင်မှတ်ကြခြင်းဖြစ်၏။

ဒီမိုကရေစီနှင့်ပတ်သက်၍ အမည်နာမ၊ အမျိုးအစား အမျိုးမျိုးဖြင့် သတ်မှတ်ခေါ်ဝေါ်ကြ၏။ တိုက်ရိုက်ဒီမိုကရေစီ၊ တစ်ဆင့်ခံဒီမိုကရေစီ၊ အရှေ့တိုင်းဒီမိုကရေစီ၊ အနောက်တိုင်းဒီမိုကရေစီ၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ စသဖြင့် မည်သို့ပင် များပြား၊ကွဲပြားခြားနားမှုရှိသည်ဖြစ်စေ ဒီမိုကရေစီသဘောတရားသက်ဝင်မှုရှိသည့် စနစ်တစ်ခု စွမ်းဆောင်ရည်ရှိရှိ၊ ထိထိရောက်ရောက် လည်ပတ်နိုင်ရေးတွင် လွတ်လပ်မှုနှင့် စည်းကမ်းစနစ်တို့ ယှဉ်တွဲတည်ရှိနိုင်ရေးမှာ အရေးကြီးသည်။ စည်းကမ်းစနစ်ဆိုရာတွင် ထိန်းချုပ်ခြင်းမဟုတ်သည့် ထိန်းကျောင်းခြင်းနှင့် စွမ်းဆောင်ရည်တိုးမြှင့်ခြင်းကိုသာ ဖြစ်စေသော အခြေအနေများသာဖြစ်ရန်လိုသည်။ သို့သော် ဒီမိုကရေစီဆိုသည်နှင့် အစွန်းရောက် လွတ်လပ်လွန်းသော အပြုအမူများကို ပြုမူတတ်ကြသော လူ့အဖွဲ့အစည်းများတွင် ထိုအခြေအနေမျိုးကို ထိန်းသိမ်းနိုင်ရန်စွမ်းဆောင်ရည်ရှိသည့် အင်စတီကျူးရှင်းများကို ရေးဆွဲထူထောင်၍ အထောက်အကူ ရယူရန်လိုအပ်သည်။

**အားနည်းတတ်သည့် လွတ်လပ်သော ဈေးကွက်စနစ်**

နိုင်ငံရေးတွင် ဒီမိုကရေစီယန္တရားကျင့်သုံးသကဲ့သို့ စီးပွားရေးရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့်လွတ်လပ်သော ဈေးကွက်စနစ်ကို ကျင့်သုံးကြသည်။ ဈေးကွက်စနစ်ဆိုသည်မှာ ဈေးကွက်အင်အားစုဖြစ်သည့် ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို လွတ်လပ်စွာ လှုပ်ရှားခွင့်ရှိသည့်စနစ်ဖြစ်သဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အတူ လွတ်လပ်စွာ ပြုမူဆောင်ရွက်ခြင်း သဘောသည်လည်း ပါလာပြန်သည်။ ဈေးကွက်၏လွတ်လပ်မှုနှင့်ပတ်သက်၍ ကျမ်းရိုးဘောဂဗေဒဂုရုကြီး အက်ဒမ်စမစ်၏အာဘော်များကို အကိုးအကားပြုကြသည်။ အစိုးရသည် စီးပွားရေးတွင် ဝင်ရောက်မစွက်ဖက်သင့်။ ဈေးကွက်အင်အားစုများကိုလည်း ဝင်ရောက်ထိန်းချုပ်ခြင်းမရှိဘဲ လွတ်လပ်စွာ လွှတ်ပေးထားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်။ ဈေးကွက်ထဲရှိ Invisible Hand ဟုဆိုသော မမြင်ရသောလက်က သူ့သဘော သူ့ဘာသာဖြင့် ထိန်းကျောင်းသွားပေလိမ့်ဟု တစ်ထစ်ချဆိုထားပေသည်။ သို့သော် သူ့သဘောသူဆောင် လှုပ်ရှားခွင့်ပေး၍ ဈေးကွက်ကို သူချည်းသက်သက် လွှတ်ထားမှုကြောင့် ဖြစ်ပေါ်လာသော ကြီးမားသည့် ဒဏ်ရာဒဏ်ချက်များကို သမိုင်းအတွေ့အကြုံများက သက်သေပြခဲ့ပြီးဖြစ်သည်။ ခါးသီးစွာ ကြုံတွေ့ခဲ့ရသော စီးပွားပျက်ကပ်များအလွန်တွင် ဂျွန်မေနပ်ကိန်းစ်ဆိုသူ၏ "ဈေးကွက်အတွင်း ဝင်ရောက်ထိန်းကျောင်းပေးရန်လိုသည်" အဆိုက အများလက်ခံသည့် လက်တွေ့ကျသော အယူအဆဖြစ်လာခဲ့သည်။ စီးပွားရေးအဆောက်အအုံတစ်ခုထဲတွင် လွတ်လပ်သည့် ဈေးကွက်အပြုအမူများကြောင့်ပင် ကမောက်ကမဖြစ်မှုများ၊ ဈေးကွက်အားနည်းချက်များ ဖြစ်ပေါ်လာတတ်သည်မှာ ဓမ္မတာဖြစ်သည်။ ထို့ကြောင့် ဈေးကွက်ကို ထိန်းကျောင်းပေးနိုင်ရန် ဈေးကွက်ဆိုင်ရာ အင်စတီကျူးရှင်းများကို လုံလောက်စွာ ဖြည့်ဆည်းပေးထားကြရန်လိုသည်။

**နားလည်သဘောပေါက်သော မျှော်လင့်ခြင်း**

လွတ်လပ်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့သည့် အချိန်ကာလများက ဗိုလ်ချုပ်အောင်ဆန်းမှာကြားခဲ့သော လွတ်လပ်ခြင်းဆိုသည့် အယူအဆနှင့် သင်ကြားမှုများကို စာရေးသူတို့ များစွာရှိခဲ့ကြပြီဖြစ်သည်။ ဒီမိုကရေစီမှရလာသည့် လွတ်လပ်မှု၊ ဈေးကွက်စနစ်မှရလာသည့် လွတ်လပ်မှု စသည့် စာရေးသူတို့ အလိုရှိသော လွတ်လပ်မှုတို့သည်လည်း တစ်ဖက်သတ်ဆန်သော၊ ကိုယ်ကျိုးကိုသာကြည့်သော၊ မျှတမှုမရှိသောအခြေအနေကို အခြေခံထားခြင်း မရှိကြောင်း သဘောပေါက်လာခဲ့ပြီဖြစ်သည်။ ထိုသို့မဟုတ်ဘဲ အစွန်းရောက်သည့်လွတ်လပ်သောအပြုအမူမျိုးမှာမူ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုရှိနိုင်မည်မဟုတ်ပေ။ တာရှည်ခံဒီမိုကရေစီ၊ တာရှည်ခံဈေးကွက်စနစ် မထွန်းကားနိုင်ပေ။ ဓမ္မဓိဋ္ဌာန်ကျသော လွတ်လပ်သည့် အပြုအမူမျိုးသာလျှင် ရေရှည်တည်တံ့၍ အားလုံးအတွက် ကောင်းကျိုးများ ဖြစ်ထွန်းနိုင်ပေလိမ့်မည်။

အားလုံး၏စိတ်ကူးထဲတွင်ရှိနေသည့် ရာနှုန်းပြည့် လွတ်လပ်စွာလှုပ်ရှားနိုင်သော အပြုအမူမျိုးရရှိနိုင်မည်မဟုတ်ပေ။ မိမိတို့နေထိုင်သည့် ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် လွတ်လပ်မှုကိုတော့ ရရှိနိုင်ပါလိမ့်မည်။ ရေရှည်တည်တံ့သော လွတ်လပ်မှုမျိုးတွင် တရားမျှတမှုက အဓိကကျလျက်ရှိနေသည်။ ယခုစာရေးသူတို့ လူ့အဖွဲ့အစည်းတွင် တရားမျှတမှုကို ထိန်းကျောင်းပေးမည့် အင်စတီကျူးရှင်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အားထုတ်မှုများရှိနေပြီဖြစ်သည်။ ထို့ကြောင့် တာရှည်ခံမည့် ဒီမိုကရေစီစနစ်၊ တာရှည်ခံမည့် ဈေးကွက်စနစ်တို့ကို ကျင့်သုံးခံစားနိုင်မည့် လူ့အဖွဲ့အစည်း ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက်လည်း မျှော်လင့်နိုင်ပြီဟု ဆိုရမည်ဖြစ်ပေသတည်း။ ။

# (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၉)ကြိမ်မြောက်တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမွေသဘင်၌ ကျင်းပရာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိသရာဘိဝံသ ထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။



(၆၉)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

ဆက်လက်၍ အလှူရှင် ၁၃ ဦးက အလှူငွေကျပ် ၃၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံကြပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကာ သာသနာရေးဦးစီးဌာနမှ စာပေလက်ထောက်(၁) ဦးဆန်းမောင်က ဓမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ် ထီးဖြူတော်များကို အဘိသေက မန္တန်တော်ဖြင့် ဘိသိက်သွန်း၍ ပလ္လင်တော်များထက်သို့ သာသနာ့ အာဇာနည်များအား ပင့်လျှောက်တော်မူသည်။

(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနက ဩဝါဒါစရိယဆရာတော်ကြီး ၁၀ ပါးအား တစ်ပါးလျှင် ဝတ္ထုငွေကျပ် သုံးသိန်း၊ စာထောက်စာမ ဆရာတော် ၁၂၄ ပါးအား တစ်ပါးလျှင် ဝတ္ထုငွေကျပ် သုံးသောင်း စုစုပေါင်း အလှူငွေကျပ် ၆၇၂၀၀၀၀ ဆက်ကပ်လှူဒါန်းခဲ့သည်။

(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲသို့ အာဂုံပြန် သံဃာတော် ၂၀၄ ပါး၊ ရေးဖြေသံဃာတော် ၁၅၅ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

# ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြု

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး၏ ဖြည့်စွက်ခွင့်ပြုငွေ၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းပြင်ဆင်ချက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျန်ရှိသော အချိန်သုံးလခန့်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို တိုင်းဒေသကြီးလွှတ်တော်သို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ ဒီဇင်ဘာ ၂၆ ရက်က တင်သွင်းခဲ့ရာ အစည်းအဝေး(၂၃) ရက်မြောက်နေ့ ဒီဇင်ဘာ ၂၇ ရက်က လွှတ်တော်တွင် အတည်ပြုဆုံးဖြတ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ မူလခန့်မှန်းခြေတွင် ရငွေ၊ ပြည်ထောင်စုမှ ထောက်ပံ့ငွေကျပ် ၄၀၈၅၈ သန်း အပါအဝင် ကျပ် ၃၃၆၂၁၈ ဒသမ ၅၇၀ သန်းဖြစ်ပြီး အသုံးစရိတ် ကျပ် ၃၃၆၂၁၈ ဒသမ ၅၇၀ သန်းဖြင့် ဖြည့်စွက်ခန့်မှန်းခြေ အသုံးစရိတ် ၁၆၈၃၁၂ ဒသမ ၇၂၅ သန်းဖြင့်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေတွင် ရငွေ၊ ပြည်ထောင်စုထောက်ပံ့ငွေ ကျပ် ၂၄၅၂၂ ဒသမ ၁၅၈ သန်း အပါအဝင် ကျပ် ၅၀၅၆၉၁ ဒသမ ၉၂၀ သန်းနှင့် အသုံးစရိတ်မှာ ကျပ် ၅၀၅၆၉၁ ဒသမ ၉၂၀ သန်းဖြင့် ရေးဆွဲထားသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး (၂၂) ရက်မြောက်နေ့တွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကိုယ်စား၊ အစိုးရအဖွဲ့ကိုယ်စား တင်သွင်းခဲ့ခြင်းဖြစ်ပြီး အစည်းအဝေး (၂၃) ရက်မြောက်နေ့တွင် အတည်ပြုပေးရန်အတွက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းခဲ့သည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ်မှာလည်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေကြမ်းကော်မတီက လေ့လာစိစစ်ပြီးတော့ အစီရင်ခံစာမှာလည်း ထောက်ခံပေးပြီးဖြစ်ပါတယ်။ ဥပဒေချုပ်ရုံးကလည်း စိစစ်ပြီး ထောက်ခံပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ မူလခန့်မှန်းခြေ စုစုပေါင်းအသုံးစရိတ်ဟာ ၃၃၆ ဘီလီယံကနေပြီးတော့ အခု ပြုပြင်ပြီးခန့်မှန်းခြေက နောက်ထပ် တိုးရတာက ၁၆၈ ဒသမ ၃ ဘီလီယံ တိုးတက်ရရှိပါတယ်။ ဒါကြောင့် နောက်ထပ် တိုးတက်ရရှိလာခဲ့တဲ့ ၅၀၅ ဒသမ ၆ ဘီလီယံနဲ့ ရေးဆွဲထားခြင်းဖြစ်ပါတယ်။ အခုတင်သွင်းအပ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပေးပါရန် တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်" ဟု ဝန်ကြီး ဦးမြင့်သောင်းက တင်သွင်းခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဥပဒေကြမ်း တင်သွင်းမှုအပေါ် ကန့်ကွက်ဆွေးနွေးမှု မရှိခဲ့ဘဲ လွှတ်တော်က အတည်ပြုဆုံးဖြတ်ပေးခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ခွင့်ပြုငွေများကို ကျန်ရှိနေသည့်အချိန် သုံးလမျှကာလတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ထိထိမိမိအကျိုးရှိစွာ အသုံးပြုရန် လိုအပ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက တိုက်တွန်းရှင်းလင်းတင်ပြသွားခဲ့ပြီး တိုင်းဒေသကြီး၏ မြို့တော် အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ တည်ဆောက်ရေး လုပ်ငန်းများ၊ လိုအပ်ချက်များအပေါ် ဦးစားပေးအလိုက် ခွဲဝေရရှိသော ခွင့်ပြုငွေဘဏ္ဍာငွေအတွင်း လိုအပ်ချက်များကို အတတ်နိုင်ဆုံးလျာထား ရေးဆွဲထားခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ရှင်းလင်းတင်ပြသွားခဲ့သည်။ **(၀၀၁)**



❐ မြန်မာ့တိုင်းရင်းဆေးမှ

ကျရာတာဝန်ကို အားကြိုးမာန်တက်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုတိုင်းရင်းဆေးညီလာခံတွင် ထွက်ပေါ်လာမည့် ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို အသေအချာအလေးအနက်ထားပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးတိုးတက်ရန် တိုင်းရင်းဆေးပညာရှင်များ၏ ဦးဆောင်မှုဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်တို့က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပို့ဆောင်ဆက်သွယ်ရေး၊ တည်းခိုရေး၊ ကျွေးမွေးရေး၊ လုံခြုံရေး၊ သတင်းထုတ်ပြန်ရေးနှင့် ညီလာခံအကြို လှုံ့ဆော်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဦးစီးကော်မတီနာယက ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ (၁၆) ကြိမ်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် (၁၇) ကြိမ်မြောက်မှ စတင်၍ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများမှ ထွက်ရှိလာသည့် ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကိုလည်း တိုးတက်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနများ အားလုံးပေါင်းစပ်ပြီး ရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင်လည်းကောင်း၊ နှီးနှောဖလှယ်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာရေးအတွက် ရည်ရွယ်၍ ယခုကဲ့သို့ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❂ မောင်တောဒေသမှ**

လူမှုကွန်ရက်မှာပါသည့် သေဆုံးကလေးမှာ အဘ နိုအာလောင်၏သား ခုနစ်လသားအရွယ် ဘေဘီတိုယိုအာ (ကျား) ဖြစ်ကြောင်း၊ အဆိုပါကလေးငယ်မှာ ကာကွယ်ဆေးထိုးနှံသည့် အမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း၊ မသေဆုံးမီ အသက်ရှူကျပ်၊ ဝမ်းပျက်ဝမ်းလျှောစသည့် လက္ခဏာဖြင့် ဒီဇင်ဘာ ၂၄ ရက်တွင် သေဆုံးခြင်းဖြစ်သည်ဟု သိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထီးချိုင့်မြို့နယ် တိုးချဲ့မြစိမ်းရောင်ကျေးရွာ၌ ကော်မတီရွေးချယ်ပွဲ ကျင်းပ

**ထီးချိုင့် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ရေဝအုပ်စု ပိန္နဲကုန်းကျေးရွာအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုးချဲ့မြစိမ်းရောင်ကျေးရွာအဖြစ် သတ်မှတ်ပြီးကော်မတီရွေးချယ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ စာသင်ကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗိုလ်မင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကျေးလက်ပြည်သူများ၏ လူမှုဘဝတိုးတက်ရေးအတွက်ရည်ရွယ်ပြီး နိုင်ငံတော်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနေမှုကို ပြောကြားသည်။

ဆက်လက်၍ ဒုဦးစီးမှူး ဦးအောင်ပွားထွန်းက တက်ရောက်လာသည့် ကျေးရွာပြည်သူများအား ကော်မတီရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးဒီမိုကရေစီနည်းလမ်းကျကျ ကော်မတီကို မဲစနစ်ဖြင့်ရွေးချယ်ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်၊ မြို့နယ်အဆင့်မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဗိုလ်မင်းနှင့် ဝန်ထမ်းများ၊ ဆက်စပ်ဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများတက်ရောက်ကြသည်။

ထီးချိုင့်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ကိုးရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာအပြင် ယခုတိုးချဲ့ တစ်ရွာနှင့် စုစုပေါင်းကျေးရွာ ၁၆ ရွာရှိကြောင်းသိရသည်။ **ကျော်ခဲ(မြန်/ဆက်)**

# ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ KIA လက်နက်ကိုင်အဖွဲ့များ၏ ပွိုင့်-၇၆၈ (KIA အခေါ် လိုင်ဖောင်)စခန်းနှင့် ပတ်ဝန်းကျင်စခန်းငယ်များအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့များ အခိုင်အမာတပ်စွဲထားသည့် ဂီဒုန်စခန်းအပါအဝင် ကာကင်းစခန်းများအား မြန်မာ့တပ်မတော်က ဒီဇင်ဘာ ၁၆ ရက်တွင် သိမ်းပိုက်ရရှိခဲ့ပြီးနောက် မြစ်ကြီးနား-ဗန်းမော်ကားလမ်း၏ အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာရှိ KIA တပ်မဟာ (၅)လက်အောက် တပ်ရင်း (၃) ဌာနချုပ်ရှိရာ ပွိုင့်-၇၆၈ (KIA အခေါ်လိုင်ဖောင်) စခန်းကို သိမ်းပိုက်ရရှိရေးအတွက် ဒီဇင်ဘာ ၂၁ ရက်က တပ်မတော်စစ်ကြောင်းများက စတင်တိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုအပေါ် မူတည်၍ ယနေ့နံနက်ပိုင်းတွင် လေကြောင်းနှင့် ခြေလျင်၊ အမြောက်၊ တင့်၊ လက်နက်ကြီး ပစ်ကူရယူ၍ တိုက်ခိုက်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် ပထမဆုံးစခန်းကို သိမ်းပိုက်ရရှိခဲ့ပြီး ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် အဓိကခံစစ်ကုန်းနှင့် စခန်းငယ် ခြောက်ခုတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

ယနေ့သိမ်းပိုက်ရရှိသည့် ပွိုင့်-၇၆၈ (KIA အခေါ် လိုင်ဖောင်) စခန်းသည် ဒီဇင်ဘာ ၁၆ ရက်က KIA တို့ လက်လွှတ်ခဲ့ရသည့် တပ်ရင်း(၂၅၂)၏ ဂီဒုန်စခန်းနှင့်အပြိုင် နန့်တဘက်ချောင်း၏ တစ်ဖက်တစ်ချက်စီတွင် တပ်စွဲအခြေပြုထားသည့် စခန်းကြီးတစ်ခုဖြစ်ပြီး KIA ဗဟိုဌာနချုပ် လိုင်ဇာ၊ လိုင်စင်ပို့နှင့် အမှတ်(၆) နယ်ခြားမှတ်တိုင်တစ်ဝိုက်ရှိ စခန်းများနှင့် ဆက်သွယ်သည့် လမ်းကြောင်းအား စိတ်ချလုံခြုံမှုရှိစေရေးနှင့် မြစ်ကြီးနား၊ ဝိုင်းမော်မြို့နယ်အား ခြိမ်းခြောက်နိုင်ရေး တည်ဆောက်ထားသည့် စခန်းတစ်ခုဖြစ်ပြီး ယင်းလမ်းကြောင်းမှတစ်ဆင့် တပ်မဟာ (၁)နယ်မြေ အင်ဂွန်လဒေသသို့ ဆက်သွယ်ရာ အတွင်းလမ်းကြောင်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

KIA စခန်းများကို သိမ်းပိုက်ရရှိပြီးဖြစ်သော်လည်း အချိန်ကန့်သတ်ချက်အရ ပြန်လည်စုဖွဲ့နေရာယူခြင်းနှင့်အတူ နှစ်ဖက်ထိခိုက်ဆုံးရှုံးမှုများနှင့်ပတ်သက်၍ အသေးစိတ်စစ်ဆေးလျက်ရှိကြောင်းနှင့် ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလုပ်သမားအဖွဲ့အစည်း ဥပဒေပါခံစားခွင့်များနှင့် အခြားခံစားခွင့်များ ရရှိနိုင်ရန် ပုဂံ-ညောင်ဦး ဒေသခံဟိုတယ်ဝန်ထမ်းများ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်

**ညောင်ဦး ဒီဇင်ဘာ ၂၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ ဟိုတယ်ပေါင်းစုံမှဝန်ထမ်းများ စုပေါင်းဖွဲ့စည်းထားသည့် ဟိုတယ်ချစ်သူမြို့နယ် အလုပ်သမားသမဂ္ဂအဖွဲ့သည် အလုပ်သမားများအတွက် ဥပဒေပါ ခံစားခွင့်များနှင့် အခြားခံစားခွင့်များ ရရှိနိုင်ရန် ရည်ရွယ်ကာ ဆန္ဒဖော်ထုတ်တောင်းဆိုသည့်အနေဖြင့် ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပုဂံမြို့ဟောင်း သရပါတံခါးမှ စတင်၍ ပုဂံ-ညောင်ဦး မြို့တစ်ပတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် လမ်းလျှောက်ခဲ့ကြသည်။




အဆိုပါဆန္ဒဖော်ထုတ်ပွဲကို ပုဂံဟိုတယ်တွင် ဝန်ထမ်းလုပ်ကိုင်နေသူ ပုဂံမြို့သစ်ဥဇနရပ်နေ ဦးမြင့်ဦး ဦးဆောင်သည့် ဟိုတယ်ပေါင်းစုံမှ ဝန်ထမ်းများပါ လူအင်အား ၃၀၀ ခန့်သည် "အလုပ်သမား ဥပဒေပါ ခံစားခွင့်များကို အလုပ်သမားများအားလုံး ခံစားခွင့်ရရှိရေး-ဒို့အရေး၊ အလုပ်ရှင် အလုပ်သမားပြဿနာများကို ညှိနှိုင်းပြေလည်စေရေးနှင့် အပြန်အလှန်လေးစားမှုရှိပြီး ပွင့်လင်းမြင်သာသော ဆွေးနွေးခြင်းများနှင့် CBA ဖော်ဆောင်ရေး-ဒို့အရေး" စသဖြင့် ကြွေးကြော်ကြပြီး ဆိုင်းဘုတ်များကိုင်ဆောင်ကာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ကြပြီး အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကို လှည့်လည်သည့် လမ်းတစ်လျှောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုအဖွဲ့သည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် သရပါတံခါးမှ ညောင်ဦးမြို့ မဏိစည်သူဈေး၊ မဏိစည်သူဈေးမှ လေယာဉ်ကွင်းလမ်းဆုံအတိုင်း ပုဂံမြို့သစ်၊ ပုဂံမြို့သစ်မှ မြင်းကပါကျေးရွာလမ်းအတိုင်း စီတန်းလှည့်လည်ကြကာ ညနေ ၅ နာရီခွဲတွင် သရပါတံခါးသို့ ပြန်လည်ရောက်ရှိကြပြီး ဆန္ဒဖော်ထုတ်ပွဲ ပြီးဆုံးခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ် လမ်းလျှောက်ပွဲသည် ဟိုတယ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန်၊ ဟိုတယ်အလုပ်သမား ဝန်ထမ်းများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရန်အတွက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များကို ရရှိခံစားနိုင်စေရန်၊ အလုပ်ရှင်နှင့် မန်နေဂျာများ၏ မတရား အလုပ်ထုတ်မှုများ၊ ခွဲခြားဆက်ဆံဖိနှိပ်မှုများ မဖြစ်ပေါ်စေရေးအတွက် အလုပ်ရှင် အလုပ်သမားပြဿနာများကို ညှိနှိုင်းပြေလည်စေရန်၊ ဟိုတယ်ဝန်ထမ်းများ၏ အဓိကအားထားရာဖြစ်သော ဝန်ဆောင်ခငွေကို ဝန်ထမ်းများအားလုံး ၁၀ ရာခိုင်နှုန်း အပြည့်အဝ ရရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# TNLA လက်နက်ကိုင်အဖွဲ့က ရွာသူ ရွာသား ခြောက်ဦးကို အဓမ္မဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

TNLA လက်နက်ကိုင်အဖွဲ့က မိုးမိတ်မြို့နယ် မုံးကိုးကျေးရွာရှိ ကျေးရွာသား ခြောက်ဦးကို ဒီဇင်ဘာ ၂၅ ရက်ညက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မိုးမိတ်မြို့ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာရှိ မိုးဘုံကျေးရွာနေ ဦးစောမောင် အပါအဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦးတို့ကို ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခွဲက TNLA လက်နက်ကိုင်အဖွဲ့ဝင် ခြောက်ဦးက မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသည်ဟူသော အကြောင်းပြချက်ဖြင့် ပန်ဟိုင်းကျေးရွာဘက်သို့ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ဖမ်းဆီးခေါ်ဆောင်သွားသူများကို အမြန်ဆုံးပြန်လည်တွေ့ရှိရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# လက်နက်ကိုင်အဖွဲ့များထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ပါးချီးရွာနေ ဦးရှမ်းလေးသည် ယမန်နေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ၎င်းပိုင်တောင်ယာအတွင်း ပြောင်းစိုက်ပျိုးရန် ထွန်ယက်စဉ် မိုင်းဟောင်းတစ်လုံးအားထယ်ဖြင့် ထိုးမိပေါက်ကွဲခဲ့ပြီး မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

အလားတူ ကချင်ပြည်နယ် ရွှေကူမြို့နေ ဦးမျိုးအောင်သည် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မိုးကောင်းချောင်းအထက်သို့ ငါးရှာရန် သွားရောက်စဉ် တနိုင်းမြို့နယ် ရှဒူဇုပ်ကျေးရွာ၏အနောက်ဘက် မီတာ ၆၀၀၀ ခန့်အကွာသို့အရောက်၌ KIA လက်နက်ကိုင်များ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲသဖြင့် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမိုင်းထိလူနာများကို တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် ကုသပေးမှုများဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ဆေးရုံများသို့ တက်ရောက်ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့၌ ပြည်သူ လေးဦး မိုင်းထိမှန်ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်မှ ပြည်သူလေးဦးသည် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တောင်ယာမှအပြန် မိုင်းတိုက်မိပေါက်ကွဲပြီး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်နေ ဦးဗျာလေးအပါအဝင် လေးဦးသည် မြစ်ကြီးနားမြို့မှ အနောက်တောင်ဘက် ၃၂ မိုင်ခန့်အကွာ မလဲကျေးရွာအနီးရှိ တောင်ယာ၌ အလုပ်လုပ်ပြီး မလဲကျေးရွာသို့ပြန်လာစဉ် လမ်း၌ မိုင်းနှစ်လုံးအား တိုက်မိပေါက်ကွဲပြီး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ရွှေစက်ရပ်ကွက် လူမှုကူညီရေးအဖွဲ့၏ အကူအညီဖြင့် မြစ်ကြီးနားဆေးရုံသို့ပို့ဆောင်ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# စတီးဘောစေ့ဖြင့်ပစ်ခတ်သည့် လုပ်သေနတ်များ လက်ဝယ်ထားရှိသူများကို အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က သတင်းအရ သက်သေများနှင့်အတူ မရမ်းတောကျေးရွာနေ ထက်အောင်သူ (၂၁)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခြံဝင်းအတွင်း ရိုက်ချိုးထားသည့် အရှည်လေးပေခန့် သေနတ်ဒင်ကိုယ်ထည်တစ်ခု၊ လေထိုးပိုက်တစ်ချောင်း၊ သံပိုက်လေအိုးတစ်လုံး၊ အရှည် သုံးပေခွဲခန့်ရှိ ဘောစေ့ထည့်ပစ်ခတ်ရသည့် ဖိုက်ဘာပြောင်းဖြင့် ပြုလုပ်ထားသော လုပ်သေနတ်တစ်လက်နှင့် အရှည် ၃၁ လက်မခန့်ရှိ ဖိုက်ဘာပြောင်း အပိုတစ်ချောင်း၊ ဆီပြန်ပိုက်တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ တော်ကွဲကျေးရွာနေ သန်းစိုးအောင် (၂၄)နှစ်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်မီးဖိုခန်းအတွင်းမှ အရှည် သုံးပေခန့်ရှိ ဒင်ပါကိုယ်ထည်တစ်ခု၊ အရှည် ၁၆ လက်မခန့်ရှိ လေထိုးပိုက်တစ်ချောင်း၊ အရှည် ရှစ်လက်မခန့်ရှိ စတီးဘောစေ့ထည့်ပစ်ခတ်ရသည့် ဖိုက်ဘာပြောင်းဖြင့် ပြုလုပ်ထားသော လုပ်သေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ကျောင်းစုနယ်မြေရဲစခန်း၌ လက်နက်များအက်ဥပဒေပုဒ်မ ၁၉ (စ)ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပွက်ပွက်ဆူနေသည့် မုန့်ဟင်းရည်ဒယ်အိုးထဲ ကလေးတစ်ယောက်နစ်မြုပ်သေဆုံး

**ပုသိမ် ဒီဇင်ဘာ ၂၇**

ပုသိမ်မြို့အမှတ်(၁) နယ်မြေ မနော်ဟရီရပ်ကွက်၌ ဒီဇင်ဘာ ၂၂ ရက်က ကလေးတစ်ဦး မုန့်ဟင်းရည်ချက်နေသည့် မိုးပြဲဒယ်အိုးထဲ ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက်ညနေ ၆ နာရီခန့်တွင် ပုသိမ်မြို့ အမှတ်(၁)နယ်မြေ မနော်ဟရီ (၇)လမ်းနေ(ဦးစောနပိုလီယံ)-ဒေါ်ယမင်းယုတို့နေအိမ်၌ ခရစ္စမတ်အလှူပြုလုပ်ရာတွင် အာပူလျှာပူကျွေးမွေးဧည့်ခံရန်အတွက် ဒေါ်ယမင်းယုကိုယ်တိုင် မိုးပြဲဒယ်ကြီးဖြင့် မုန့်ဟင်းရည်ချက်နေရာမှ ပွက်ပွက်ဆူနေစဉ် ငရုတ်ကောင်းကြက်သွန်ဖြူခတ်ရန် ဟင်းရည်ဒယ်အိုးကို ကျောခိုင်း၍ ငရုတ်ဆုံနှင့် ထုထောင်းနေ၏။ ထိုအချိန်တွင် နေအိမ်ခြံအဝ၌ ရပ်ကွက်ထဲ ကလေးများနှင့် ဆော့ကစားနေသော သားဖြစ်သူ မောင်လင်းလက်ဦး (၆)နှစ်က သူငယ်ချင်းများအား ကျွေးမွေးရန်အတွက် မုန့်ဟင်းရည်ချက်ပြုတ်နေသော မိခင်ထံ သွားရောက်ပြောဆိုရန်နှင့် သူငယ်ချင်းများ အိမ်ပြန်မည်ကို စိုးရိမ်နေခြင်းဖြစ်၍ နောက်ပြန်သွားစဉ် မုန့်ဟင်းရည်ပွက်ပွက်ဆူနေသော မိုးပြဲဒယ်အိုးကြီးထဲ ဖင်ထိုင်လဲကျသွားခြင်းဖြစ်သည်။ မိခင်ဖြစ်သူကလည်း ပန်းကန်ခွက်ယောက် ဆေးကြောနေရာမှ အပြေးထ၍ သားကို ကယ်ဆယ်သော်လည်း မျက်နှာလေး တစ်ကွက်မှလွဲ၍ တစ်ကိုယ်လုံးပွက်ပွက်ဆူမုန့်ဟင်းရည်ပူထဲ နစ်မြုပ်ပြီး အပူလောင်ဒဏ်ရာများရရှိသဖြင့် ပုသိမ်ဆေးရုံသို့တင်ပို့ကုသသော်လည်း ရန်ကုန်ဆေးရုံသို့ တစ်ဆင့်လွှဲပြောင်းပို့ဆောင်စဉ် ဒီဇင်ဘာ ၂၃ ရက်တွင် မောင်လင်းလက်ဦးမှာ သေဆုံးသွားခြင်းဖြစ်သည်။

**(ပုသိမ်လှကြည်)**

# မောင်တောမြို့နယ် ပြူမချောင်းဘေး မြေနုကျွန်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့် ဆယ်အိမ်မှူးဟောင်း တစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မောင်တောမြို့နယ် ဝက်ကျိန်းကျေးရွာနှင့် ဘဒကားကျေးရွာကြားရှိ ပြူမချောင်းဘေး မြေနုကျွန်း၌ ဒီဇင်ဘာ ၂၆ ရက်က ဝက်ကျိန်း(မြောက်)ကျေးရွာနေ ဘဒကားကျေးရွာ ယခင် ဆယ်အိမ်မှူးဟောင်း ဆီရာဇူဟွတ်ဆိုသူ သေဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။

ဆီရာဇူဟွတ်သည် ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းမှစ၍ နေအိမ်မှ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအား ဒီဇင်ဘာ ၂၆ ရက်တွင် ပြူမချောင်းဘေး မြေနုကျွန်း၌ ရွှံ့များပေကျံပြီး သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အီလက်ထရွန်နစ် ပြည်သူ့ကျန်းမာရေးသတင်းစနစ်အသုံးပြုခြင်း အသိပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အခြေခံ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် မိမိတာဝန်ကျသည့်ဒေသ၏ အခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှု၊ အားနည်းချက်၊ အားသာချက်များကို မိမိကိုယ်တိုင် ကောင်းမွန်စွာသုံးသပ် ဆန်းစစ်နိုင်ပြီး ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိကောက်ယူနေသည့် Paper based ပုံစံမှ Electronic ပုံစံသို့ပြောင်းလဲခြင်းဖြစ်ပါကြောင်း၊ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပသော အီလက်ထရွန်နစ် ပြည်သူ့ကျန်းမာရေးသတင်းစနစ်အသုံးပြုခြင်း အသိပေးရှင်းလင်းဆွေးနွေးပွဲ (Workshop on Awareness Raising of eHMIS Using DHIS2) တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။




ယခုအခါ မြန်မာနိုင်ငံတွင် Mobile Phone ကွန်ရက်အားကောင်းလာခြင်းနှင့်အတူ အင်တာနက်ဆက်သွယ်ရေးစနစ်သည်လည်း နိုင်ငံ၏နေရာများစွာတွင်ရရှိလာပြီ ဖြစ်သည့်အတွက် ယခုကဲ့သို့ Electronic ပုံစံပြောင်းခြင်းသည် ကျန်းမာရေးစနစ်ကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

အီလက်ထရွန်နစ်ပြည်သူ့ကျန်းမာရေးသတင်းစနစ် ဆောင်ရွက်ရာတွင် အသုံးပြုသည့်ဆော့ဝဲလ်သည် နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ဖြစ်စေရန်အတွက် ပြုပြင်သင့်သည်ကို ပြုပြင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အသုံးပြုသည့်စနစ်သည် နိုင်ငံနှင့် သဟဇာတဖြစ်၊ မဖြစ် အမြဲဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် အီလက်ထရွန်နစ် ပြည်သူ့ကျန်းမာရေးသတင်းစနစ် DHIS2 ကို မည်သို့အသုံးပြုနိုင်သည်ကို လေ့လာကြပြီး အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကာ ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် DHIS2 နှင့်ပတ်သက်ပြီး လက်တွေ့အသုံးပြုလေ့လာကြမည်ဖြစ်ကာ ဖြည့်သွင်းသည့် သတင်းအချက်အလက်များကို ကျိုးကြောင်းဆီလျော်မှုဆန်းစစ်ခြင်း၊ စုစည်းတင်ပြခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါဖြစ်ပွားမှုအခြေအနေတို့အား ဆန်းစစ်လေ့လာသုံးသပ်ခြင်းတို့အား ဆွေးနွေးကြမည်ဖြစ်သည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ လူအင်အားနှင့် ပတ်သက်၍ သတင်းအချက်အလက် အခြေပြုကာ လိုအပ်သည်များ စီမံဆုံးဖြတ်ဆောင်ရွက်ခြင်း၊ တင်ပြခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရာတွင် များစွာအထောက်အကူ ပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်း- လာအို သုံးနိုင်ငံ နယ်စပ်လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေး

**တာချီလိတ် ဒီဇင်ဘာ ၂၇**

မြန်မာ-ထိုင်း- လာအို သုံးနိုင်ငံ နယ်စပ်လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုကို ဒီဇင်ဘာ ၂၅ ရက် နံနက်က ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် ချင်းခေါင်မြို့ Fortune River View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံမှ အဖွဲ့ခေါင်းဆောင် ချင်းခေါင်မြို့အုပ်ချုပ်ရေးမှူးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ခေါင်းဆောင်များက ၂၀၁၆ ခုနှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများအား ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ်နှင့် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ စက်လှေမောင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ပြီး ချင်းခေါင်မြို့ U That Lyar Bath လှေဆိပ်တွင် ကျင်းပရခြင်း ရည်ရွယ်ချက်များကို တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ၂၀၁၇ ခုနှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို သုံးနိုင်ငံက တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန်၊ ရွှေ့ပြောင်းလုပ်သားများ လူကုန်ကူးခံရမှုများ လျော့နည်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုဝင်များ ကျန်းမာရေးနှင့် နေထိုင်ရေးအဆင့်မြင့်မားရေးဆောင်ရွက်ပေးရန်၊ အစိုးရမှ ပြဋ္ဌာန်းထားသည့် ဥပဒေများအား ရွှေ့ပြောင်းလုပ်သားများ သိရှိနိုင်ရေး ဖြန့်ဝေဆောင်ရွက်ပေးရန်၊ လူကုန်ကူးမှုများအား ဥပဒေနှင့်အညီ ပြစ်ဒဏ်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ရွှေ့ပြောင်းလုပ်သားများ နေထိုင်သွားလာမှုစနစ်တကျဖြစ်စေရေးနှင့် ဥပဒေနှင့်အညီ နေထိုင်သွားလာစေရေး ပညာပေးဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံရှိ လုပ်ငန်းရှင်များက အလုပ်သမားလိုအပ်ပါက လျှောက်ထားနိုင်ရေး One Stop Service ကို နိုဝင်ဘာလမှစတင်ကာ မယ်ဆိုင်မြို့ရှိ ကားဝင်းအတွင်း ဖွင့်လှစ်ထားရှိကြောင်း ဒေသအလိုက်ကြော်ငြာခြင်းများ ဆောင်ရွက်ပေးရန်၊ နိုင်ငံအလိုက် ဥပဒေပြဋ္ဌာန်းချက် ပြင်ဆင်ပြောင်းလဲမှုရှိပါက အပြန်အလှန်ဆက်သွယ်အကြောင်းကြားပေးရန်နှင့် တရားမဝင် ဝင်ရောက်နေမှုများအား တရားဝင်ဖြစ်ရေး ကူညီဆောင်ရွက်ပေးရန် စသည့်အချက်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | လတံဆိပ် နေလဝိဇ္ဇာ | မျက်စိအတွင်းစားဆေး | **ဆေးမှုန့်/ ဆေးဘူး** | **ဦးအောင်စိန် မျက်စိကုဓာတ်ဆရာ၊စကုမြို့။** |
| ၂။ | ဦးအောင်စိန် မျက်စိကုဆရာ | မျက်စိကွင်းဆေး | **ဆေးမှုန့်/ ဆေးဘူး** | မင်းဘူးခရိုင်၊ စကုမြို့မှ လုပ်သည်ဟု ပါသည်။ |
| ၃။ | ဆရာဦးလှမြင့်၏ | ဆေးနီကျော်အခိုးပွင့်အဖျားပြတ် မုဆိုးကျော်ငန်းဆေးကြီး | **ဆေးမှုန့်/ ဆေးဘူး** | အနန္တဂုဏ်ရောင် ဆေးတိုက်၊ ရန်ပယ်ဈေး အရှေ့ဘက်တိုက်တန်း၊ ဇီဇဝါလမ်း၊ မကွေးမြို့။ |
| ၄။ | သီဟ | သူငယ်နာပေါင်းချုပ်ကလေးဝဆေး | **ဆေးမှုန့်/ ဆေးထုပ်** | သီဟဘယဆေးဆိုင်၊ မြို့မဈေးကြီး၊ မကွေးမြို့။ |
| ၅။ | ဇေယျသုခ | အပူထုတ် အပုပ်ချဆေး | **ဆေးမှုန့်/ ဆေးထုပ်** | ဇေယျသုခဆေးတိုက် ဦးဘေကြီး ပေါက်မြို့။ |
| ၆။ | ရွှေကြာပန်း | အဖျားဖြတ်+ချွေးထုတ် အကိုက်အခဲ ပျောက်ဆေး (PAIN KILLER ) | **ဆေးမှုန့်/ ဆေးထုပ်** | ပင်ရင်း -ရွှေကြာပန်း ဆေးတိုက်၊ ပွင့်ဦးလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ပခုက္ကူမြို့။ |
| ၇။ | နေလ | ရင်ကျပ်ပျောက်ဆေး | **ဆေးလုံး/ ဆေးဘူး** | ဦးလောတန်+ ဒေါ်သန်းသန်းဝေ ရွာပိုးရပ်၊ ရေစကြိုမြို့။ |
| ၈။ | စွမ်းအားပြည့် (ဖြည့်စွက်စာ) | အထူးသန့်စင် ထားသော ခွေးလှေးယားသီးနက်စေ့ (Cowhage)) | **ဆေးမှုန့်/ ဆေးဘူး** | လိပ်စာဖော်ပြထားခြင်း မရှိ။ |
| ၉။ | ဟင်္သာမင်း | ဝမ်းပိတ်၊ ဝမ်းမှန်၊ဝမ်းရောဂါ ပျောက် အပူငြိမ်းဆေး | **ဆေးလုံး/ ဆေးထုပ်** | ဦးအေးသွင်၊ ရွှေဟင်္သာဆေးတိုက်၊ (၁၃၅)၊ ဦးဝိစာရလမ်း၊ ဟင်္သာတမြို့။ |
| ၁၀။ | ဝဏ္ဏသိဒ္ဓိ | ပွေး၊ ညှင်း၊ ဒက်၊ ဂျွတ် လိမ်းဆေး (၁) | **အဆီခဲ/ ဆေးဘူး** | လိပ်စာ ဖော်ပြထားခြင်း မရှိ။ |
| ၁၁။ | ဆရာဦးဝေမင်းဦး | ဗလရှင်အစာကြေအားဆေးပြား | **ဆေးပြား/ ဆေးထုပ်** | “မင်း”ဆေးဝါး ထုတ်လုပ်ရေး အမှတ်(၁)၊ (၁၁) လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၂။ | မောရွှေပြည် | ချောင်းဆိုးပျောက်ဆေး | **ဆေးမှုန့်/ ဆေးထုပ်** | မြင်းဖြူနှစ်ကောင် ဆေးတိုက် လိပ်စာ ဖော်ပြထားခြင်း မရှိ။ |
| ၁၃။ | အမှတ်တံဆိပ်အား ရှမ်းစာဖြင့် ဖော်ပြထား (ကျားပုံပါ) | ငှက်ဖျားဖြတ်အခိုးပွင့်ဆေး | **ဆေးမှုန့်/ ဆေးထုပ်** | ဦးဆံကောနှင့် သားများ ရုံ(၁)၊ အမှတ် (၅၉/ ၆၁/ ၆၃)၊ ဈေးအတွင်း၊ ကျောက်မဲမြို့။ |
| ၁၄။ | အမှတ်တံဆိပ်အား ရှမ်းစာဖြင့် ဖော်ပြထား (ဖော်ဂျီပုံပါ) | အာယုဒီဃသြသဓ | **ဆေးမှုန့်/ ဆေးထုပ်** | လိပ်စာဖော်ပြထားခြင်း မရှိ။ |
| ၁၅။ | မူလသိဒ္ဓိရှင် | လေးဘက်နာနှင့် စွယ်စုံဆေး | **ဆေးမှုန့်/ ဆေးထုပ်** | သိဒ္ဓိရှင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လိပ်စာ ဖော်ပြထားခြင်း မရှိ။ |
| ၁၆။ | အမှတ်တံဆိပ်အား ရှမ်းစာဖြင့် ဖော်ပြထား (ကျားခေါင်းပုံပါ) | သူငယ်နာဆေးကြီး | **ဆေးမှုန့်/ ဆေးထုပ်** | ဆေးရနိုင်သောဌာန ဒေါ်နန်းဟွမ် ကျေးဆီးဆိုင်ခွဲ- စောတုံခမ်းဆွန်၊ နမ့်လန်မြို့။ |
| ၁၇။ | အမှတ်တံဆိပ်အား ရှမ်းစာဖြင့် ဖော်ပြထား (လူပုံပါ) | မဟာသွေးငန်းဆေးနီကြီး၊ သွေးညှိ ဓာတ်ထိန်းဆေး တော်မြတ်ကြီး | **ဆေးမှုန့်/ ဆေးဘူး** | ကျိုင်းတောင်း ဆရာကြီး ဆရာမှူး၊ (၂/၁၄၃)၊ နမ့်စန်မြို့။ |
| ၁၈။ | အမှတ်တံဆိပ်အား ရှမ်းစာဖြင့် ဖော်ပြထား (လူပုံပါ) | လေပုပ်ထုတ်ဆေး | **ဆေးမှုန့်/ ဆေးထုပ်** | ဆရာကြီး ဦးမူးလိန်း လင်းခေးမြို့၊ ရှမ်းပြည်တောင်ပိုင်း။ |
| ၁၉။ | အမှတ်တံဆိပ်အား ရှမ်းစာဖြင့် ဖော်ပြထား (မြင်းခေါင်းပုံပါ) | ချောင်းဆိုးပျောက်ဆေး | **ဆေးမှုန့်/ ဆေးဘူး** | ဆရာ ဦးစိန္တာကျော် ဈေးတောင်ဘက်၊ ပင်လုံမြို့။ |

***(ဆက်လက်ဖော်ပြပါမည်)***

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



# စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ဆောက်လုပ်ရေးကိစ္စရပ်များ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ မြန်မာ-ရုရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရန်ကိစ္စ၊ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရန်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ Land, Infrastructure, Transport and Tourism ဝန်ကြီး H.E.Mr. Keiichi ISHII ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးအတွက်သာမက မဲခေါင်ဒေသခွဲနိုင်ငံများ၊ အာဆီယံဒေသတွင်း နိုင်ငံများအတွက်ပါ အရေးကြီးသော ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ နိုင်ငံတော်အဆင့်ဆောင်ရွက်မည့် ဟံသာဝတီ လေဆိပ်တည်ဆောက်ရေးကိစ္စ၊ ရန်ကုန်မြို့ပြ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ သီလဝါစက်မှုဇုန်မှ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန် ပဲခူးမြစ်ကူး တံတား လျင်မြန်စွာအကောင်အထည်ဖော် တည်ဆောက်ရေး ကိစ္စရပ်များ၊ မြို့တွင်းသာမက မြို့ပြင်ဧရိယာများတွင် ကာလရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ရန် စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## Saemaul Undong စီမံချက်ဖြင့် ကွန်ကရစ်လမ်းခင်း

**ပဲခူး ဒီဇင်ဘာ ၂၇**

Saemaul Undong Project အကူအညီနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၂၂ ရက်က အရှည် ပေ ၈၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိရာ အိမ်ထောင်စု ၃၀၇ စုမှ ရွာသူ၊ ရွာသား ၁၇၀ ပါဝင်လုပ်အားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထို့ကြောင့် ယခုအခါ ကျေးရွာထည့်ဝင်ငွေ၊ ကျေးရွာလုပ်အားဖြင့် ယခင် မြေသားလမ်းကျဉ်းအား အရှည် ပေ ၃၈၅၀၊ အကျယ် ပေ ၃၀ ရှိ မြေသားလမ်းအဖြစ် ချဲ့ထွင်ဖောက်လုပ်ခဲ့ပြီဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးရှိ ဈေးညောင်ပင်သာကျေးရွာသည် ပဲခူးမြို့မှ ငါးမိုင်ကွာဝေးသည်။ ယခင်လူသွားလမ်းမှာ လူသွားနိုင်ရုံ လမ်းကျဉ်းလေးသာဖြစ်ပြီး သွားလာမှုခက်ခဲခဲ့သည်။ ပဲခူးမြစ်ကမ်းဘေးကျေးရွာတစ်ရွာဖြစ်ပြီး ရွာရှိကလေးငယ်များ ပညာသင်ကြားရေးနှင့် စီးပွားရေးလုပ်ငန်းများအား ပဲခူးမြစ်အတွင်း ပဲ့ထောင်ဖြင့်သွားလာဆောင်ရွက်ရပြီး ပဲ့ထောင်မှောက်၍ အသက်ဆုံးရှုံးမှုများဖြစ်ခဲ့ရသည်။

**(ကြေးမုံ)**



# ရေရှည်ဖွံ့ဖြိုးတိုးတက်သော သယ်ယူပို့ဆောင်ရေးစီမံကိန်းအပါအဝင် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းအစီရင်ခံစာ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်းအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော သယ်ယူပို့ဆောင်ရေးစီမံကိန်း အပါအဝင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ဒီဇင်ဘာ ၂၄ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းကို ၂၀၄၀ အထိ လျာထားရေးဆွဲခဲ့ရာတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) အနေဖြင့် ယခင်အစိုးရလက်ထက်ကတည်းက ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့်ကာလတွင် ခုံးကျော်တံတား စီမံကိန်းအချို့ အပါအဝင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်ခြင်းမရှိခဲ့သော စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် လက်ရှိတွင် ရန်ကုန်မြို့ပြနှင့် ကိုက်ညီအံဝင်နိုင်သော မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းကို ယခုနှစ် ဩဂုတ်လမှစတင်ကာ ပြန်လည်ပြင်ဆင်သုံးသပ်ခဲ့ပြီး အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။**(ယာပုံ)**



အဆိုပါ အစီရင်ခံစာကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဌာနရုံးချုပ်မှ Director General Mr.Yasushi TANAKA က ဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် အချောသပ်အစီရင်ခံစာတွင် နှစ်အလိုက်ဆောင်ရွက်ရမည့် ကာလတိုစီမံကိန်းအဖြစ် ၂၀၂၀ အထိလည်းကောင်း၊ ကာလလတ် စီမံကိန်းအဖြစ် ၂၀၂၅ အထိလည်းကောင်း၊ ကာလရှည်စီမံကိန်းအဖြစ် ၂၀၃၅ အထိလည်းကောင်းပါဝင်ပြီး ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့် သယ်ယူပို့ဆောင်ရေးကွန်ရက် စီမံကိန်းများ၊ မြို့ပြစီမံကိန်းများ ပါဝင်ပြီး ၂၀၄၀ ပြည့်နှစ်တွင် ပြည့်စုံကောင်းမွန်၍ စိမ်းလန်းသော နေချင့်စဖွယ် မြို့ပြတစ်ခုအဖြစ် ဖြစ်ပေါ်လာရန် ရည်မှန်းထားကြောင်း သိရသည်။ အနာဂတ်ကာလ လူဦးရေ ၁၀ သန်း ဖြစ်ပေါ်လာမည့် မြို့ပြတစ်ခုကို ပြည့်စုံသော စီမံကိန်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းများစွာပါဝင်သော မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းကို နှစ်အလိုက် အကောင်အထည်ဖော်သွားမည့် အစီအမံများ၊ ငါးနှစ်တစ်ကြိမ် သုံးသပ်ဆောင်ရွက်သွားရမည့် စီမံကိန်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲအလွန် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံမှ ပြန်လည်ကူညီထောက်ပံ့မှုများ ဆောင်ရွက်လာရာတွင် လက်ရှိအစိုးရသစ် စတင်တာဝန်ယူပြီးနောက်ပိုင်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြီးခဲ့သည့် ဂျပန်နိုင်ငံခရီးစဉ်အပြီးတွင်နှစ်နိုင်ငံသဘောတူညီချက်အရ ဖွံ့ဖြိုးရေးအကူအညီများ၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ပြန်လည်ပေးဆပ်ရန် မလိုသည့် ထောက်ပံ့ကူညီမှုများ၊ အတိုးနှုန်းအထူး သက်သာသော ချေးငွေများ၊ နည်းပညာပံ့ပိုး ကူညီပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား ဂျပန်နိုင်ငံ အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍမှလည်း မြန်မာနိုင်ငံသို့ ပူးပေါင်းကူညီဆောင်ရွက်မှုများ ပိုမိုအားကောင်းလာခဲ့သည်။**(ဆုနှင်းလှဲ့)**

## အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေးနှိုးဆော်ချက်

အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုမဖြစ်ပွားစေရန်အတွက်

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်**

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များအား ဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။

၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။

၄။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသော ရေကိုသာ သုံးစွဲပါ။

၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွှေးပြီးမှ စားသုံးပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၆။ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့မှ ရှောင်ကြဉ်ပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီ သတင်းပေးပို့ခြင်းနှင့် ထိရောက်သော ကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်(ရွှေဈေး) ၈၄၅၀၀၀ - ၈၄၅၀၀၀၊ မန္တလေး(ရွှေဈေး) ၈၄၅၀၀၀ - ၈၄၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၃၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၆၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**၁၉-၁၂-၂၀၁၆ ရက်နေ့မှ ၂၃-၁၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၉၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၇၄ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**


| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၀.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၁၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၃၁.၆ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၆၇.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၁၅ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၈၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈.၀၉၈ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၃.၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆.၁၈ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၆.၀၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# နှစ်သစ်မှာရုံတင်ပြသမည့် Railroad Tigers ရုပ်ရှင်ဇာတ်ကားကြီး အခမဲ့ကြည့်ရှုခွင့်ရမည့် အစီအစဉ်

ရုပ်ရှင်ချစ်ပရိသတ်ကြီး အထူးသဘောကျ အကြိုက်တွေ့စေမည့် Railroad Tigers ရုပ်ရှင်ဇာတ်ကားကြီးအား ဇန်နဝါရီ ၆ ရက်မှစ၍ ရန်ကုန်မြို့ရှိ ရွှေဗဟို၊ မြရတနာ၊ကန်သာယာနှင့် မန္တလေးမြို့ရှိ မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်ချစ် ပရိတ်သတ်ကြီးအနေဖြင့် အဆိုပါရုပ်ရှင်ဇာတ်ကားကြီးအား အခမဲ့ကြည့်ရှုနိုင်မယ့် အစီအစဉ်ကို တင်ပြပေးလိုက်ပါတယ်။

အဆိုပါရုပ်ရှင်ဇာတ်ကားမှာ ၁၉၄၁ ခုနှစ် ဝန်းကျင်က ဂျပန်စစ်သည်တော်များနှင့် တရုတ်၊ လမ်းတံတားဆောက်လုပ်ရေး အလုပ်သမားများကြား ဖြစ်ပွားခဲ့သော အဆင်မပြေမှုပဋိပက္ခများနှင့် လမ်းတံတားဆောက်လုပ်ရေးခေါင်းဆောင်၏ မျိုးချစ်စိတ်ရှိမှု၊ ရဲရင့်မှုနှင့် မိမိပြည်သူများအတွက် စားနပ်ရိက္ခာရရှိရန် အခက်အခဲကြားမှ ဆောင်ရွက်ပေးမှုတို့အား ဇာတ်လမ်းဆင် ရိုက်ကူးထားတာ ဖြစ်ပါတယ်။




ဒီအစီအစဉ်လေးမှာပါဝင်လိုတဲ့ ပရိသတ်များအနေနဲ့ Railroad Tigers ရုပ်ရှင်ဇာတ်ကားနမူနာကို www.facebook.com/megaacecineplex မှာ ဝင်ရောက်ကြည့်ရှုပြီး မေးခွန်းများကို ဖြေဆိုရမှာပဲဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)က Railroad Tigers ရုပ်ရှင်ဇာတ်လမ်းမှာ ပါဝင်ထားတဲ့ အဓိကသရုပ်ဆောင်တစ်ဦးရဲ့ အမည်၊ နံပါတ်(၂)က Mega Ace Cineplex မှာ ရုပ်ရှင်ကြည့်ရတဲ့ ခံစားမှုကြိုက်နှစ်သက်တယ်ဆိုရင်လည်း နှစ်သက်ရသော အကြောင်းအရင်းတို့ကို စာလုံးရေ ၂၀ ထက်မပိုဘဲ ရေးသားဖြေဆိုပြီး megaacecineplex.me @ gmail.com ကို လိပ်မူ၍ မိမိတို့ရဲ့ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်နဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တို့ကို အပြည့်အစုံ ရေးသားပေးပို့ရမှာဖြစ်ပါတယ်။

ဖြေဆိုရမယ့် ကာလကတော့ ဒီဇင်ဘာ ၂၇ ရက်ကနေ ဇန်နဝါရီ ၂ ရက်အတွင်းပဲ ဖြစ်ပါတယ်။ စိတ်ပါဝင်စားလို့ဖြေဆိုမယ်ဆိုရင် မှန်ကန်စွာဖြေဆိုနိုင်သူများထဲက ပထမဆုံးဖြေဆိုသူ ငါးဦးကို တစ်ဦးလျှင် အခမဲ့ရုပ်ရှင်ကြည့်ခွင့်နှစ်စောင်စီ ပေးအပ်သွားမှာဖြစ်ပါတယ်။

ရွေးချယ်ခံရသူများစာရင်းကိုလည်း Mega Ace ရုပ်ရှင်ရုံများရဲ့ facebook စာမျက်နှာများတွင် ဖော်ပြပေးသွားမှာဖြစ်တဲ့အပြင် မိမိတို့ပေးထားသည့် ဖုန်းနံပါတ်များကို ဆက်သွယ်ခေါ်ဆို၍လည်း အကြောင်းကြားပေးသွားမှာ ဖြစ်ပါတယ်။

**(သီသီမင်း)**





## ဗီဒီယိုဂိမ်းတစ်ခုကို အခြေခံရိုက်ကူးထားသော Assassin's Creed သိပ္ပံအက်ရှင်ဇာတ်ကားသစ် ရုံတင်မည်

ဒီတစ်ပတ်မှာတော့ သိပ္ပံအက်ရှင်ဇာတ်ကားတွေ ကြိုက်နှစ်သက်သူ ပရိသတ်ကြီးအတွက် ဗီဒီယိုဂိမ်းတစ်ခုကို အခြေခံရိုက်ကူးထားတဲ့ Assassin's Creed ဇာတ်ကားသစ်ကို ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပါတယ်။ မိခင်ဖြစ်သူကို ဖခင်ကသတ်ဖြတ်ခဲ့ပြီး ကျန်နေတဲ့သားဖြစ်သူ အကျဉ်းကျနေတဲ့ ကယ်လန်လာ့ချ်ဟာ သူ့ရဲ့ မျိုးရိုးဗီဇမှတ်ဉာဏ်ကို သော့ဖွင့်ပေးလိုက်တဲ့ နောက်ဆုံးပေါ်နည်းပညာသစ်ကြောင့် (၁၅)ရာစုခေတ်က စပိန်နိုင်ငံမှ ၎င်းရဲ့ ဘိုးဘေးတော်စပ်သူရဲ့ စွန့်စားခန်းကို စိတ်အာရုံခံပြန်လည်သတိရခဲ့ပါတယ်။ အဲဒီမှတ်ဉာဏ်ပြန်ရသွားပြီးတဲ့နောက်မှာ လာ့ချ်အနေနဲ့ သူဟာပဟေဠိဆန်ဆန် လျှို့ဝှက်ဂိုဏ်းကြီးမှ ဆင်းသက်လာသူဖြစ်ကြောင်း သိရှိခဲ့ရပြီးနောက် လက်ရှိကာလမှာ ဖိနှိပ်ချုပ်ခြယ်မှုတွေနဲ့ ဩဇာကြီးမားနေတဲ့ တန်ပလာအဖွဲ့အစည်းကြီးကို ရင်ဆိုင်တိုက်ခိုက်ဖို့ရာ မယုံနိုင်ဖွယ်ဗဟုသုတနဲ့ အချက်အလက်တွေ ရရှိခဲ့ပါတယ်။ အဲဒီအချက်အလက်တွေကို လာ့ချ်အား ဘယ်သူပံ့ပိုးပေးသလဲ။ နောက်ပြီး လာ့ချ်ကို မကောင်းတဲ့ ဒုစရိုက်ကွန်ရက်ထဲက ဘယ်သူက ကယ်တင်မလဲ။ သိပ္ပံပညာရှင်မလေး ဆိုဖီယာများဖြစ်လေမလား ဆိုတာတော့ စောင့်ကြည့်ရမယ့် စိတ်ကူးယဉ်သိပ္ပံအက်ရှင် ဇာတ်ကားသစ်တစ်ကားဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ အဓိကဇာတ်ကောင် ကယ်လန်လာ့ချ်အဖြစ် မင်းသား မိုက်ကယ်ဖက်စ်ဘန်ဒါကလည်းကောင်း၊ သိပ္ပံပညာရှင်မလေး ဆိုဖီယာအဖြစ် ပြင်သစ်မင်းသမီး မာရီယန်ကပ်တဲလီယာ့ဒ်က လည်းကောင်း ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကို ဒီဇင်ဘာ ၂၁ ရက်က အမေရိကန်နဲ့ ပြင်သစ်နိုင်ငံက ရုပ်ရှင်ရုံအချို့မှာ စတင်ပြသခဲ့ရာမှာတော့ အပြုသဘောမဆောင်တဲ့ဝေဖန်မှုတွေ အများအပြားရခဲ့ပြီး ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆ သန်း ရရှိခဲ့တယ်လို့ သိရပါတယ်။

Assassin's Creed ဇာတ်ကားသစ်ကို ဒီဇင်ဘာ ၃၀ ရက်မှာ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်) လှည်းတန်း၊ စံရိပ်ငြိမ်နဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတို့မှာ စတင်ပြသသွားမှာဖြစ်ပါတယ်။

**(ဖြိုးစန္ဒာမြင့်)**

## ကျွန်တော့်နှလုံးသား ကွဲကြေတဲ့နေ့ပါလို့ဆိုတဲ့ ကန်နီဂေါ့စ်

နာမည်ကျော် တေးသံရှင် ဂျော့ဂျ်မိုက်ကယ် တစ်ယောက် ခရစ္စမတ်နေ့မှာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။ သူကွယ်လွန်ချိန်မှာ အသက်(၅၃)နှစ်အရွယ်ပဲ ရှိသေးတာကြောင့် ဂီတအနုပညာရှင်တွေက ဝမ်းနည်းကြောင်းနဲ့ နှမြောတသဖြစ်ရကြောင်းတွေ သူတို့ရဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်ကတစ်ဆင့် ရေးသားခဲ့ကြပါတယ်။ မိုက်ကယ်က ၁၉၈၀ နဲ့ ၁၉၉၀ ကျော်ကာလများက အလွန်နာမည်ကျော်ကြားခဲ့တဲ့ အဆိုတော်ဖြစ်ခဲ့ပြီး သူ့ရဲ့ တေးသီချင်းပေါင်းမြောက်မြားစွာကို ကမ္ဘာတစ်ဝန်း အဆိုတော်အတော်များများက သံစဉ်ကူးယူသီဆိုမှု အများဆုံးဖြစ်ခဲ့ပါတယ်။

မိုက်ကယ်က ၁၉၉၈ ခုနှစ်မှာတော့ သူက လိင်တူစိတ်ဝင်စားတဲ့ ဂေးတစ်ဦးဖြစ်တယ်လို့ ဝန်ခံခဲ့ပြီးနောက် ကန်နီဂေါ့စ်နဲ့ ပေါ်ပေါ်ထင်ထင်ပဲ ၁၃ နှစ်ကြာ လက်တွဲခဲ့ကြပါတယ်။ ဒါကြောင့် ကန်နီဂေါ့စ်က မိုက်ကယ် သေဆုံးသွားရတဲ့နေ့က သူ့အတွက် နှလုံးသားကွဲကြေတဲ့နေ့တစ်နေ့ ဖြစ်ခဲ့တယ်လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။ ကန်နီဂေါ့စ်က “ မိုက်ကယ်က စိတ်စေတနာကောင်းသူ၊ သူများကို အမြဲကူညီဖို့သာ စဉ်းစားနေသူ”လို့လည်း ဆိုခဲ့ပါသေးတယ်။ မိုက်ကယ်က နောက်ပိုင်းမှာ ဖက်ဒီဖာ့ဝါ့ဇ်ဆိုတဲ့ ဆံပင်ပညာရှင်တစ်ဦးနဲ့ လက်တွဲခဲ့ပါတယ်။

**(မေလှဲ့သင်း)**

### ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ လျှောက်လွှာခေါ်ယူထားသည့် အငယ်တန်းသတင်းထောက်ရာထူး(၇)နေရာ၊ အငယ်တန်းစာရေးရာထူး(၉)နေရာ၊ ရုံးအကူရာထူး(၃၀)နေရာတို့အတွက် ရေးဖြေအောင်မြင်သူများစာရင်းကြေညာခြင်း

၁။ အငယ်တန်းသတင်းထောက်ရာထူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၇)နေရာအတွက် ရေးဖြေအောင်မြင်သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
ခုံအမှတ်-၀၂/၀၈ /၁၂ /၁၃/ ၁၇ /၂၀ /၂၆ /၃၃/ ၃၆ /၃၈ /၃၉ /၄၁ /၄၃/၄၆ /၅၂

၂။ အငယ်တန်းစာရေးရာထူး (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) (၉) နေရာအတွက် ရေးဖြေအောင်မြင်သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
ခုံအမှတ်- ၀၁/ ၀၁၂/ ၀၂၃/ ၁၀၆/ ၁၂၀/ ၁၂၄/ ၁၃၄/ ၁၅၁/ ၁၇၅/၁၉၇/ ၁၉၈/ ၂၀၈/၂၁၇/ ၂၃၉/၂၄၈/ ၂၅၉

၃။ ရုံးအကူရာထူး (လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) (၃၀) နေရာအတွက် ရေးဖြေအောင်မြင်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
ခုံအမှတ်-၀၁၇/ ၀၂၈/ ၀၃၄/ ၀၃၆/ ၀၃၇/ ၀၃၉/ ၀၅၂/ ၀၆၂/ ၀၆၇/ ၀၇၁/ ၀၇၉/ ၀၈၈/ ၀၉၀/ ၀၉၅/ ၁၀၀/ ၁၀၂/ ၁၂၄/ ၁၃၄/ ၁၃၅/ ၁၃၇/ ၁၃၈/ ၁၄၃/ ၁၅၈/ ၁၆၅/ ၁၇၃/ ၁၇၈/ ၁၈၀/ ၁၈၁/ ၁၈၅/ ၁၉၄/ ၂၀၁/ ၂၁၂/ ၂၁၄/ ၂၂၂/ ၂၃၀/ ၂၇၇/ ၂၈၀/ ၂၈၆/ ၂၈၉/ ၂၉၅/ ၃၀၁/ ၃၀၄/ ၃၁၆/ ၃၁၇/ ၃၁၈/ ၃၁၉/ ၃၄၂/ ၃၄၃/ ၃၄၄/ ၃၄၇/ ၃၄၈/ ၃၅၁/ ၃၅၂/ ၃၅၅

၄။ အထက်ဖော်ပြပါ ရေးဖြေအောင်မြင်သူများအား ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (နေပြည်တော်)တွင် အငယ်တန်းသတင်းထောက်ရာထူးနှင့် အငယ်တန်းစာရေးရာထူးအတွက် (၂-၁-၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ ရုံးအကူရာထူးအတွက် (၃-၁-၂၀၁၇) ရက်နေ့တွင်လည်းကောင်း နံနက် (၁၀း၃၀) နာရီမှစ၍ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၅။ အငယ်တန်းသတင်းထောက်ရာထူးနှင့်အငယ်တန်းစာရေးရာထူးအတွက် ၂-၁-၂၀၁၇ ရက်နေ့ နံနက် (၀၉း၀၀) နာရီအချိန်တွင်လည်းကောင်း၊ ရုံးအကူရာထူးအတွက် (၃-၁-၂၀၁၇)ရက်နေ့ နံနက် (၀၉း၀၀) နာရီအချိန်တွင် လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်စီမံဌာန(နေပြည်တော်)သို့ လာရောက်သတင်းပို့ရန်ဖြစ်ပါသည်။ ဘွဲ့လက်မှတ်မူရင်း၊ ဆယ်တန်းအောင်လက်မှတ်မူရင်းနှင့် မှတ်ပုံတင်မူရင်းယူဆောင်လာရမည်ဖြစ်ပါသည်။

၆။ ရေးဖြေအောင်မြင်သူများအနေဖြင့် လူတွေ့စစ်ဆေးခြင်းကို ပျက်ကွက်ခဲ့ပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံဌာန ဖုန်း- ၀၆၇-၄၁၂၁၂၃၊ ၄၁၂၀၂၈ သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

# ဆန်းဒါးလန်းနှင့် ပွဲစဉ်သွင်းယူခဲ့သောဂိုးမှာ ကစားသမားဘဝ အကောင်းဆုံးသွင်းဂိုးဟု အမ်ခီတာယန်ကြွေးကြော်

ဘောက်ဆင်ဒေးတွင် ယှဉ်ပြိုင်ခဲ့သည့် မန်ယူအသင်းနှင့် ဆန်းဒါးလန်းတို့ ပရီမီယာလိဂ်ပွဲစဉ် ဆန်းဒါးလန်းဘက်သို့ အမ်ခီတာယန်သွင်းယူခဲ့သည့် နောက်ပြန်မြေမကျကန်သွင်းချက်သည် သူ၏ကစားသမားဘဝ အကောင်းဆုံးသွင်းဂိုးဖြစ်ခဲ့ပြီး ထိုသို့အရည်အသွေးမြင့် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်သဖြင့် အလွန်အမင်း စိတ်လှုပ်ရှားမိကြောင်း အမ်ခီတာယန်က မန်ယူရုပ်သံမှ တစ်ဆင့် ဖွင့်ဟပြောကြားလိုက်သည်။

အမ်ခီတာယန်က အဆိုပါ သွင်းဂိုးသွင်းယူခဲ့သည့် အနေအထားကို လူကျွံအနေအထားဖြစ်သည်ဟု ရုတ်တရက် ထင်မြင်နိုင်သော်လည်း ဘောလုံးနှင့် သူ၏ အနေအထားအရ လူကျွံဘော မဖြစ်ခဲ့ကြောင်းလည်း ရှင်းလင်းပြောကြားခဲ့သည်။

အမ်ခီတာယန်က "ကျွန်တော်ဆီ ဘောလုံးရောက်လာတော့ ဘယ်သူ့ကို ဘောလုံးလမ်းကြောင်း ခင်းပေးရမလဲဆိုတာ ရှာလိုက်သေးတယ်။ ကျွန်တော့်ခြေထောက်ထဲရောက်လာတဲ့ ဒီအနေအထားက လူကျွံမဖြစ်တာသေချာတော့ ကျွန်တော်ဘာသာပဲ ကန်သွင်းအဆုံးသတ်ခဲ့တာပါ။ ဘောလုံးက ကျွန်တော့်ရှေ့ကျလာမယ်လို့ထင်ပေမယ့် ကျွန်တော်နောက်ကျောဘက်ကို ရောက်နေတာကြောင့် နောက်ပြန်ကန်သွင်းခဲ့ရတာပါ"ဟု ဆိုခဲ့သည်။



အမ်ခီတာယန်၏ ယခုသွင်းဂိုးသည် သူ၏ နည်းစနစ်ကျွမ်းကျင်မှု၊ ပါးနပ်မှုတို့ကို ကိုယ်စားပြုသည့်အပြင် ခန္ဓာကိုယ်ယိမ်းနွဲ့ကန်သွင်းချက်မှာ ဇီဒန်း၏ ၂၀၀၂ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အတွင်း သွင်းယူခဲ့သည့် သွင်းဂိုးနှင့်ပါ နှိုင်းယှဉ်နိုင်ကြောင်း ဘောလုံးရေးရာ ကျွမ်းကျင်သူများက ချီးကျူးခဲ့သည်။ မန်ယူသည် အဆိုပါပွဲစဉ်တွင် ခြေစွမ်းပိုင်းအသာဖြင့် ဆန်းဒါးလန်းဘက်ကို တောက်လျှောက်ထိုးဖောက်နိုင်ခဲ့သော်လည်း ဂိုးရရန်ခက်ခဲခဲ့ကာ ပွဲကစားချိန် မိနစ် ၈၀ ကျော်အထိ နောက်ခံလူ ဒါလေဘလိုင်း၏ သွင်းဂိုးတစ်ဂိုးဖြင့်သာ ဦးဆောင်နိုင်ခဲ့ပြီး ပွဲချိန် ၈၂ နှင့် ၈၆ မိနစ်တို့တွင် မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်နှင့် ကွင်းလယ်ကစားသမား အမ်ခီတာယန်တို့ သွင်းဂိုးများဆက်တိုက် သွင်းယူနိုင်ခဲ့သဖြင့် မန်ယူအနိုင်ရရှိရန် သေချာခဲ့ခြင်းဖြစ်သည်။

ယခုပွဲအနိုင်ရလဒ်ကြောင့် မန်ယူသည် ပရီမီယာလိဂ် လေးပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့သော်လည်း ရမှတ် ၃၃ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၆)နေရာတွင် ဆက်လက်ရပ်တည်နေရဆဲဖြစ်သည်။ နည်းပြ မော်ရင်ဟိုက ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် မန်ယူနှင့် ချယ်လ်ဆီးကြား ရမှတ် ၁၃ မှတ်ကွာဟနေခြင်း၏ တစ်ခုတည်းသော အကြောင်းတရားမှာ မန်ယူအသင်း အိမ်ကွင်းရမှတ်ပြည့် မယူနိုင်ခြင်းကြောင့်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ မန်ယူအသင်းသည် အိမ်ကွင်း အိုးထရက်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့ရသည့် စတုတ်၊ ဘန်လေ၊ အာဆင်နယ်နှင့် ဝက်စ်ဟမ်းတို့နှင့် ပွဲစဉ်များတွင် သရေရလဒ်သာ ထွက်ပေါ်ခဲ့သလို မန်စီးတီးအသင်းကိုလည်း အိမ်ကွင်းမှာပင် ရှုံးနိမ့်ခဲ့သဖြင့် နည်းပြ မော်ရင်ဟိုက အထက်ပါအတိုင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။



## ပရီမီယာလိဂ်သမိုင်းရဲ့ အမြင့်ဆုံးသွင်းဂိုးစံချိန်ရရှိတဲ့ နာချို

မန်စီးတီးအသင်း လူငယ်တိုက်စစ်မှူး နာချိုသည် ဟားလ်စီးတီးအသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မိနစ်အလိုက် ပျမ်းမျှ ဂိုးသွင်းနှုန်းအကောင်းဆုံး ပရီမီယာလိဂ် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ နာချိုသည် အများအားဖြင့် လူစားဝင်ကစားသမားအဖြစ်သာ ပွဲထွက်ကစားခွင့်ရလေ့ရှိသော်လည်း ဝင်ရောက်ကစားခွင့်ရရှိသည့် အချိန်တိုင်း ဂိုးသွင်းနိုင်လေ့ရှိပြီး မှတ်တမ်းများအရ ၉၆ မိနစ် ဝင်ရောက်ကစားတိုင်း ပျမ်းမျှ တစ်ဂိုးနှုန်း သွင်းယူထားနိုင်ခြင်းဖြစ်သည်။

နာချိုသည် နှစ်ရာသီအတွင်း ပရီမီယာလိဂ် ၃၈ ပွဲ ဝင်ရောက်ကစားပြီး ဂိုးပေါက်တည့်ကန်သွင်းမှု (၁၉) ကြိမ်တွင် ၁၂ ဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါမှတ်တမ်းသည် ပရီမီယာလိဂ် ကစားသမားများထဲတွင် အမြင့်ဆုံးဂိုးသွင်းနှုန်းဖြစ်ပြီး အသက်(၂၀)အရွယ် နာချိုအနေဖြင့် အဂူရို ပွဲပယ်ခံထားသည့် ကာလအတွင်း ယခုကဲ့သို့ ခြေစွမ်းပြကာ ပရီမီယာလိဂ်ဒုတိယရာသီကို ဖြတ်သန်းနေစဉ်အတွင်း မှတ်တမ်းကောင်းတစ်ခုကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

## ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် ချယ်လ်ဆီးဂိုးသမား ကော်တွိုက်စ်တို့ကို အလဲအထပ်ပြုလုပ်မည်

ရီးယဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အတွင်း အသင်းပြောင်းရွှေ့မည်မဟုတ်ဘဲ လာမည့်နွေဈေးကွက်ရောက်မှသာ ချယ်လ်ဆီးဂိုးသမား ကော်တွိုက်စ်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကို အလဲအထပ်ပြုလုပ်ရန် ရီးယဲလ်မက်ဒရစ်နှင့် ချယ်လ်ဆီးအသင်းကြား ဆွေးနွေးနေကြောင်း ဂျိမ်းရိုဒရီဂွက်ဇ်၏ ကိုယ်စားလှယ်ဖြစ်သူ ဂျော့ဂျ်မန်းဒက်ဇ်က ဒီဇင်ဘာ ၂၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ကစားသမားဝယ်ယူခွင့် တစ်ကြိမ်ပိတ်ပင်ခံထားရသဖြင့် ဇန်နဝါရီဈေးကွက်အတွင်း ဂျိမ်းစ်ကိုထုတ်ရောင်းလိုက်လျှင် အစားထိုးရန် ကစားသမားအဆင်သင့်ဝယ်ယူနိုင်မည်မဟုတ်သောကြောင့် မည်သည့်ကစားသမားကိုမျှ ရီးယဲလ်ဘက်မှ ထွက်ခွာခွင့်မပေးလိုခြင်းဖြစ်ကြောင်း မန်းဒက်ဇ်က ဆိုသည်။

ဂျိမ်းစ်သည် ယခုနှစ် ဘောလုံးရာသီတွင် ရီးယဲလ်အတွက် ၈၅၉ မိနစ် ဝင်ရောက်ကစားပေးပြီးဖြစ်သော်လည်း ပထမပွဲထွက်စာရင်းတွင် ပါဝင်ခွင့်မရခြင်းကြောင့် အသင်းပြောင်းရန် ကြိုးစားနေခြင်းဖြစ်သည်။ သို့သော် ဂျိမ်းစ်မှာ နည်းပြ ဇီဒန်း၏ ကစားသမား ၂၄ ဦးစာရင်းတွင် ပွဲချိန်ကစားခွင့်များပြားသည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ဂျိမ်းကိုယ်တိုင်က လာမည့် ဇန်နဝါရီတွင် ရီးယဲလ်မှ ထွက်ခွာတော့မည်ဟု ကမ္ဘာ့ကလပ် ချန်ပီယံဖလား ဆွတ်ခူးပြီးနောက် ပြောကြားခဲ့သော်လည်း ယခုအခါ သူ၏ ကိုယ်စားလှယ် ဂျော့ဂျ်မန်းဒက်ဇ်က ရာသီကုန်အထိ ဂျိမ်းစ်ဆက်ရှိနေမည်ဖြစ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အက်သလက်တီကိုအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြ ကစားနိုင်ခဲ့သည့် ချယ်လ်ဆီးဂိုးသမားကော်တွိုက်စ်ကို လာလီဂါသို့ တစ်ကျော့ပြန်ခေါ်ယူနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိပြီး ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ကလည်း အဆိုပါအစီအစဉ်ကို လက်ခံလိမ့်မည်ဟု ရီးယဲလ်ဘက်မှ မျှော်လင့်နေခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ၂၀၁၅ ခုနှစ် နွေဈေးကွက်ကတည်းက ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးသည့် အသင်းဖြစ်ရာ ကော်တွိုက်စ်နှင့် ရီးယဲလ်ပူးပေါင်းရေးအတွက် ဂျိမ်းစ်မှာ ရီးယဲလ်၏ အဓိကလက်နက်တစ်ခုဖြစ်လာနိုင်မည်ဟု ရီးယဲလ်ဘက်မှ ယုံကြည်နေခြင်းဖြစ်သည်။

မေလွှသင်း
စုစည်းသည်

## အာဆင်နယ်ဘက်မှ စာချုပ်သစ် ကမ်းလှမ်းမှုမပြုရသေးသည့် ဝီရှိုင်းယားကို မန်စီးတီးခေါ်ယူရန် ပြင်ဆင်လာ



အာဆင်နယ်အသင်းသည် ဘုန်းမောက်အသင်းတွင် အငှားချထားသည့် ကွင်းလယ်လူ ဝီရှိုင်းယားကို စာချုပ်သက်တမ်း ထပ်တိုးကမ်းလှမ်းသွားမည်ဟု ပြောကြားထားသော်လည်း ယခုထိ ဆောင်ရွက်မှုမရှိသေးရာ ယင်းအခြေအနေကို အခွင့်ကောင်းယူ၍ မန်စီးတီးဘက်မှ ဂျက်ဝီရှိုင်းယားရရှိရေး အားထုတ်နေပြီဟု The Sun သတင်းဌာနက ဖော်ပြသည်။ ဂျက်ဝီရှိုင်းယားသည် အာဆင်နယ်အသင်းနှင့် အသက်ရှစ်နှစ်အရွယ်ကတည်းက ပူးပေါင်းခဲ့သူဖြစ်သော်လည်း အာဆင်နယ်ကွင်းလယ်တွင် ဇာကာ၊ ကိုကွီလင်၊ ကာဇိုလာတို့ရှိနေသည့်အတွက် ပုံမှန်ပွဲထွက်ကစားခွင့် မရှိနိုင်သဖြင့် ဘုန်းမောက်အသင်းသို့ အငှားဖြင့် သွားရောက်ကစားနေသူဖြစ်သည်။

ဝီရှိုင်းယားသည် နည်းစနစ်ကောင်းမွန်သည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ဒဏ်ရာပြဿနာ မကြာခဏ တွေ့ကြုံနေရသဖြင့် အာဆင်နယ်အသင်းဘက်မှ ကြံ့ခိုင်မှု ပြည့်ဝမှုမရှိဟုယူဆကာ ပွဲထွက်ကစားခွင့်မပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ဝီရှိုင်းယားက ဘုန်းမောက်အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရနေပြီး သူ့အနေဖြင့် အကောင်းဆုံးကစားနိုင်ဆဲဖြစ်သည်ကို သက်သေပြနိုင်ခဲ့သည်။

အာဆင်နယ်အသင်းတွင် စာချုပ်သက်တမ်း (၁၈)လသာ ကျန်ရှိတော့သည့် အိုဇေးလ်၊ ဆန်းချက်ဇ်နှင့် ဝီရှိုင်းယားတို့ သုံးဦးရှိနေပြီး အာဆင်နယ်အသင်းတာဝန်ရှိသူများက အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ သက်တမ်းတိုးရေးကိစ္စကို တောက်လျှောက်ဆောင်ရွက်ခဲ့ပြီး ဝီရှိုင်းယားကိုမူ ဆက်သွယ်မှုမရှိသေးကြောင်း သိရသည်။

အခြားတစ်ဖက်တွင်လည်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက ဝီရှိုင်းယားကစားပုံကို အထူးနှစ်ခြိုက်သူဖြစ်ပြီး ၂၀၁၁ ခုနှစ် ချန်ပီယံလိဂ်ရှုံးထွက်အဆင့် အာဆင်နယ်နှင့် ဘာစီလိုနာတို့ တွေ့ဆုံစဉ်က အသက်(၁၉)နှစ်အရွယ်သာရှိသေးသည့် ဝီရှိုင်းယား၏ ကွင်းလယ်ပိုင်းကို အကောင်းဆုံး ထိန်းကျောင်းကစားနိုင်ခဲ့ခြင်းက ဘာစီလိုနာနည်းပြအဖြစ်ရှိနေသည့် ဂွါဒီယိုလာအတွက် မှတ်မှတ်ထင်ထင်ရှိခဲ့ခြင်းဖြစ်သည်။ နည်းပြ ဂွါဒီယိုလာက ဝီရှိုင်းယားအပြင် ဆန်းချက်ဇ်ကိုလည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်းအထက် ပေးချေခေါ်ယူလိမ့်မည်ဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ မန်စီးတီးအသင်းသည် လာမည့်နွေဈေးကွက်တွင် ဝီရှိုင်းယားရရှိရေး ကြိုးပမ်းသွားမည်ဖြစ်သော်လည်း ဝီရှိုင်းယားကမူ အာဆင်နယ်၏ ဆက်သွယ်မှုကိုသာ စောင့်စားနေပြီး သူ၏ကစားသမားသက်တမ်းတစ်လျှောက်တွင် အာဆင်နယ်အသင်းတစ်ခုတည်းတွင်သာ ကစားခဲ့သူဖြစ်သောကြောင့် အသင်းပြောင်းရွှေ့ရန် ဆန္ဒမရှိဟုလည်း သိရသည်။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

“ပထမ” နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ” အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇–၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျက်ရှိပါသည်။ |
| ၈။ | ၂၀၁၈–၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် “ကမ္ဘောဇဘဏ်လီမိတက်” သည် ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်တွင် (၂၂,၉၅၉.၈၃)သန်းဖြင့် “ပထမ” နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း” အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးအောင်သန်း – Three Stars GRAM MILL (Mandalay)
ဦးကျော်ဝင်း – Sein & Mya Mattress Industry Co., Ltd. (Mandalay)
ဦးအောင်ဆန်းဝင်း – Aung Thamadi Gold & Jewellery (Mandalay)
ဦးမောင်ကို – Eternal Gold Mining Co., Ltd. (Mandalay)
ဒေါ်ခင်လေးမြင့် – Hotel and Gems & Jewellery (Mandalay)
ဦးမိုးကျော်ကျော် – Htun Kar Construction Co., Ltd. (Mandalay)
ဦးကျော်သက်လှိုင် – KT Construction Group (Mandalay)
ဦးလှဖုန်းကျော် – Rainbow Bridge Distribution Co., Ltd. (Mandalay)
ဦးညီညီလွင် – Sein Wit Hmun Trading (Mandalay)
ဦးဝင်းဆွေ – Best Oil Co., Ltd. (Mandalay)
ဦးကျော်စွာဝင်း – Taw Win Diamond (Mandalay)
ဦးတင်ကိုကို – Shining Star Jewellery (Mandalay)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသော ကမ္ဘောဇဘဏ်လီမိတက်၏ “ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)”သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့် ပြည်သူအတွက် (၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးအောင်သန်း – Three Stars GRAM MILL (Mandalay)
ဦးကျော်ဝင်း – Sein & Mya Mattress Industry Co., Ltd. (Mandalay)
ဦးအောင်ဆန်းဝင်း – Aung Thamadi Gold & Jewellery (Mandalay)
ဦးမောင်ကို – Eternal Gold Mining Co., Ltd. (Mandalay)
ဒေါ်ခင်လေးမြင့် – Hotel and Gems & Jewellery (Mandalay)
ဦးမိုးကျော်ကျော် – Htun Kar Construction Co., Ltd. (Mandalay)
ဦးကျော်သက်လှိုင် – KT Construction Group (Mandalay)
ဦးလှဖုန်းကျော် – Rainbow Bridge Distribution Co., Ltd. (Mandalay)
ဦးညီညီလွင် – Sein Wit Hmun Trading (Mandalay)
ဦးဝင်းဆွေ – Best Oil Co., Ltd. (Mandalay)
ဦးကျော်စွာဝင်း – Taw Win Diamond (Mandalay)
ဦးတင်ကိုကို – Shining Star Jewellery (Mandalay)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဇဘဏ်လီမိတက်မှ လက်ခံရရှိခဲ့သော နိုင်ငံတကာဆုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

- ၂၀၁၆ စက်တင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Finance Asia မှ ချီးမြှင့်သော "Best Bank in Myanmar 2016"
- ၂၀၁၆ အောက်တိုဘာလအတွင်း စပိန်နိုင်ငံအခြေစိုက် Business Initiative Directions မှ ချီးမြှင့်သော "World Quality Commitment 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance မှ ချီးမြှင့်သော "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Financial Times (The Banker) မှ ချီးမြှင့်သော "Bank of the Year in Myanmar 2016"

| | | | |
|---|---|---|---|
| ဦးအောင်သန်း | – Three Stars GRAM MILL (Mandalay) | ဦးကျော်သက်လှိုင် | – KT Construction Group (Mandalay) |
| ဦးကျော်ဝင်း | – Sein & Mya Mattress Industry Co., Ltd. (Mandalay) | ဦးလုဖုန်းကျော် | – Rainbow Bridge Distribution Co., Ltd. (Mandalay) |
| ဦးအောင်ဆန်းဝင်း | – Aung Thamadi Gold & Jewellery (Mandalay) | ဦးညီညီလွင် | – Sein Wit Hmun Trading (Mandalay) |
| ဦးမောင်ကို | – Eternal Gold Mining Co., Ltd. (Mandalay) | ဦးဝင်းဆွေ | – Best Oil Co., Ltd. (Mandalay) |
| ဒေါ်ခင်လေးမြင့် | – Hotel and Gems & Jewellery (Mandalay) | ဦးကျော်စွာဝင်း | – Taw Win Diamond (Mandalay) |
| ဦးမိုးကျော်ကျော် | – Htun Kar Construction Co., Ltd. (Mandalay) | ဦးတင်ကိုကို | – Shining Star Jewellery (Mandalay) |



# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်း၌ ပထမဆုံး အနေဖြင့် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံတကာကိုယ်စားလှယ်ဘဏ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် **"ကမ္ဘောဇဘဏ်လီမိတက်"** နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

| | | | |
|---|---|---|---|
| ဦးအောင်သန်း | – Three Stars GRAM MILL (Mandalay) | ဦးကျော်သက်လှိုင် | – KT Construction Group (Mandalay) |
| ဦးကျော်ဝင်း | – Sein & Mya Mattress Industry Co., Ltd. (Mandalay) | ဦးလုဖုန်းကျော် | – Rainbow Bridge Distribution Co., Ltd. (Mandalay) |
| ဦးအောင်ဆန်းဝင်း | – Aung Thamadi Gold & Jewellery (Mandalay) | ဦးညီညီလွင် | – Sein Wit Hmun Trading (Mandalay) |
| ဦးမောင်ကို | – Eternal Gold Mining Co., Ltd. (Mandalay) | ဦးဝင်းဆွေ | – Best Oil Co., Ltd. (Mandalay) |
| ဒေါ်ခင်လေးမြင့် | – Hotel and Gems & Jewellery (Mandalay) | ဦးကျော်စွာဝင်း | – Taw Win Diamond (Mandalay) |
| ဦးမိုးကျော်ကျော် | – Htun Kar Construction Co., Ltd. (Mandalay) | ဦးတင်ကိုကို | – Shining Star Jewellery (Mandalay) |



# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

*ဒီတစ်ပတ်ထူးခြားအားကစားသတင်းတွေကတော့ ခရစ္စမတ်ပါတီပွဲကိုတောင် ဖျက်ပြီး လေ့ကျင့်ခန်းဆင်းခဲ့တဲ့ အာဆင်နယ်အသင်း၊ ဆီဗီလာအသင်းမှာ ခြေစွမ်းပြနေတဲ့နာဆရီရဲ့ဆီဗီလာကို ရွေးချယ်ခြင်းအကြောင်းတရား၊ ၁၀စုနှစ်တစ်ခုကျော်ကြာအောင် ကမ္ဘာကျော်ခေါင်းတိုက်ချက်ကို မမေ့သေးတဲ့မာတာရာဇီ စတဲ့ တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းတွေကို တင်ဆက်လိုက်ပါတယ်။*

## ခရစ္စမတ်ပါတီပွဲကျင်းပမယ့် အစီအစဉ်ကို အာဆင်နယ် ဖျက်သိမ်းခဲ့



အာဆင်နယ်အသင်းက အဲဗာတန်၊ မန်စီးတီးအသင်းတွေကို နှစ်ပွဲဆက်တိုက် အရေးနိမ့်ပြီးနောက်မှာ ခရစ္စမတ်ပါတီပွဲဆင်နွှဲဖို့ ပြင်ဆင်ထားတာကို ဖျက်သိမ်းပြီး ခရစ္စမတ်နေ့မှာပဲ လေ့ကျင့်ရေးဆင်းခဲ့ပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးကတော့ အာဆင်နယ်အသင်းရဲ့ အရှုံးက ဒိုင်တွေရဲ့ ဆုံးဖြတ်ချက်အမှားကြောင့် ဖြစ်တယ်လို့ ပြစ်တင်ခဲ့ပြီးနောက် အခုအခါ ပွဲစဉ်ဇယား ရေးဆွဲသူတွေရဲ့ စီမံခန့်ခွဲမှုကြောင့်လို့ ပြောကြားလိုက်ပါတယ်။ ဝင်းဂါးက တစ်ခါတလေနှစ်ရက်ခြား တစ်ပွဲကစားရပေမယ့် ခုတော့ ပွဲစဉ်(၁၇)နဲ့ (၁၈)ကြား ရှစ်ရက်တောင်နားပြီးမှ ကစားရတာကြောင့် ပွဲစဉ်ဇယားရေးဆွဲမှုကို ပြစ်တင်ခဲ့တာပါ။

အာဆင်နယ်အသင်းက ပါတီပွဲကို ဖျက်သိမ်းခဲ့ပေမယ့် ခရစ္စမတ်ဆင်တူအင်္ကျီတွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့သလို ဝပ်တင်တန်ဆေးရုံရှိ လူနာကလေးများကို တွေ့ဆုံအားပေးစကားပြောခဲ့ပါတယ်။ ဆေးရုံကိုရောက်ရှိနေတဲ့ အာဆင်နယ်အသင်း သားတွေထဲမှာ ဂိုးသွင်းခြေမြူးနေတဲ့ တိုက်စစ်မှူး ဆန်းချက်ဇ်ဘေးမှာ ကလေးတွေ ဆဲလ်ဖီရိုက်ဖို့ ဝိုင်းဝိုင်းလည်နေတာကိုလည်း တွေ့ရပါတယ်။ ဝင်းဂါးက နှစ်စဉ်နှစ်တိုင်းအခုလို ခရစ္စမတ်ရက်အတွင်း ကစားသမားတွေကို သူတို့စိတ်ကြိုက် လွတ်လွတ်လပ်လပ် အနားယူခွင့် ပေးတတ်ပေမယ့် ခုတော့နှစ်ပွဲဆက်တိုက် ရှုံးနိမ့်မှုအချက်ပေးသံက ဂျင်ဂယ်လ်ခေါင်းလောင်းသံ (ခရစ္စမတ်ခေါင်းလောင်းသံ)ထက် ပိုကျယ်လောင်ခဲ့တာကြောင့် ပါတီပွဲဖျက်ပြီး လေ့ကျင့်ရေးဆင်းခိုင်းတာဖြစ်တယ်လို့ မီဒီယာတွေက လှောင်ပြောင်ရေးသားခဲ့ကြပါတယ်။

## အမြဲတမ်းအနားမနေတတ်တဲ့ စီရိုနယ်လ်ဒိုပဲလေ



စီရိုနယ်လ်ဒိုကတော့ ကမ္ဘာ့ကလပ်ချန်ပီယံဖလားပွဲက ပြန်လာပြီးကတည်းက ချစ်သူဖြစ်တဲ့ ဂျော်ဂျီနာ ရိုဒရီဂွက်ဇ်နဲ့လည်ပတ်နေတဲ့ ပုံတွေ လူမှုကွန်ရက်များနဲ့ မီဒီယာစာမျက်နှာများထက် ဆက်တိုက်ဆိုသလို ပျံ့နှံ့လာခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ သွားပြိုင်ရတဲ့ ကမ္ဘာ့ကလပ် ချန်ပီယံဖလားပြိုင်ပွဲအပြီး နောက်တစ်ရက်မှာပဲ စီရိုနယ်လ်ဒိုနဲ့ ရိုဒရီဂွက်ဇ်တို့ ညစာအတူထွက်စားပြီးအပြန် စီရိုနယ်လ်ဒိုရဲ့ နားသယ်စပ်မှာ နှုတ်ခမ်းနီအရာတွေ ပေနေခဲ့တာကို ပါပါရာဇီတွေက အမိအရ ဓာတ်ပုံရိုက်ယူနိုင်ခဲ့ပါတယ်။

ဒီပုံက အွန်လိုင်းမီဒီယာတွေရဲ့ ဖွင့်ချချက်ကြောင့် ကမ္ဘာတစ်ဝန်း ပရိသတ်တွေဆီကိုရောက်ရှိခဲ့ပြီးနောက်သုံးရက်လောက်အကြာမှာပဲ နောက်တစ်ကြိမ်သူတို့စုံတွဲ ရွှေလက်တွဲပြီး အနမ်းတွေခြွေနေတဲ့ ပုံတွေ ဆက်တိုက်ထွက်ပေါ်လာပြန်ပါတယ်။ ခရစ္စမတ်နေ့မှာတော့ စီရိုနယ်လ်ဒိုက ကမ္ဘာတစ်ဝန်း ပရိသတ်တွေအားလုံးကို ဆုတောင်းစကားပြောကြားပေးခဲ့ပြီး ဆီးရီးယားကလေးငယ်များအားလုံး မျှော်လင့်ချက်ဆိုတာကို ဘယ်တော့မှ မစွန့်လွှတ်ဖို့ တိုက်တွန်းပြောကြားထားတဲ့ ဗီဒီယိုဖိုင်ကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်တင်ခဲ့ပါတယ်။ ဒါ့ကြောင့် စီရိုနယ်လ်ဒိုတစ်ယောက် ချစ်သူသစ်ဖြစ်တဲ့ ရိုဒရီဂွက်ဇ်ကို အလုပ်ရှာပေးရတာ၊ ညစာလိုက်ကျွေးရတာနဲ့ အလုပ်တွေရှုပ်နေသလို တစ်ဖက်မှာလည်း ပရိသတ်တွေနဲ့ အဆက်မပြတ်ရအောင် လူမှုကွန်ရက်မီဒီယာတွေနဲ့တစ်ဆင့် ဆက်သွယ်နေရတာကြောင့် "စီရိုနယ်လ်ဒို"က အားလပ်ရက်ကိုတောင် အနားမနေတတ်သူလို့ သုံးသပ်ရမှာဖြစ်ပါတယ်။

## ဆီဗီလာကို နာဆရီ ဒါကြောင့်ရွေးတယ်



မန်စီးတီးကနေ ဆီဗီလာအသင်းကို အငှားနဲ့ သွားရောက်ကစားနေတဲ့ နာဆရီတစ်ယောက် သူဘာကြောင့် ဆီဗီလာအသင်းကို လာရောက်ကစားတာလဲဆိုတာကို ပြောကြားခဲ့ရာမှာ သူဖွင့်ချခဲ့တဲ့ အကြောင်းပြချက်ကြောင့် ပရိသတ်တွေ မပြုံးဘဲ မနေနိုင်ဖြစ်ခဲ့ရပါတယ်။ နာဆရီက မန်စီးတီးအသင်းမှာ ကစားနေတဲ့ ငါးနှစ်တာကာလအတွင်း ဒဏ်ရာပြဿနာတွေ ကြုံတွေ့ခဲ့ရပြီးနောက် စိတ်သစ်လူသစ်နဲ့ အင်္ဂလန်ပြင်ပထွက်ပြီး ကစားဖို့လိုတယ်လို့ စဉ်းစားခဲ့တာကြောင့် မန်စီးတီးကနေ ထွက်ခွာလာခဲ့တာဖြစ်တယ်လို့ ပြောပါတယ်။ နာဆရီက မန်စီးတီးနည်းပြသစ် ဂွါဒီယိုလာဟာ သူ့အတွက် နေရာတစ်နေရာစာ အာမခံချက်ပေးနိုင်ခြင်းမရှိတဲ့နောက်မှာ သူ့ကို ချိတ်ဆက်လာတဲ့ အသင်းတွေ မြောက်မြားစွာရှိတဲ့အနက်ဆီဗီလာကို ရွေးချယ်ခဲ့ရာမှာ စပိန်ကစားသမားတွေဖြစ်တဲ့ ဒေးဗစ်ဆေးလ်ဗား၊ နိုလီတိုတို့ဆီက အကြံဉာဏ်ယူခဲ့တယ်လို့ ဆိုပါတယ်။ ဆေးလ်ဗား၊ နိုလီတိုတို့က "စပိန်နိုင်ငံက အစားအသောက် ကောင်းတယ်၊ ကောင်မလေးတွေလှတယ်" လို့ ပြောကြားခဲ့တာကြောင့် စပိန်နိုင်ငံ အခြေစိုက်ဆီဗီလာနဲ့ လာရောက်ပူးပေါင်းဖို့ ဆုံးဖြတ်ချက်ချနိုင်ခဲ့တာလို့ နာဆရီက ပွင့်ပွင့်လင်းလင်းပဲ ဆိုခဲ့ပါတယ်။

နာဆရီ ရဲ့ လက်ရှိခြေစွမ်းက မန်စီးတီးမှာရှိစဉ်တုန်းက ခြေစွမ်းထက် ပိုမိုကောင်းလာတာတော့အမှန်ပဲဆိုတော့ အစားအသောက်ကောင်းလို့လား၊ မိန်းမလှလေးတွေပဲ ပေါလို့လားဆိုတာတော့ သူကိုယ်တိုင်ပဲ သိပါလိမ့်မယ်။

## ပရီမီယာလိဂ်ကို ပြောင်းချင်နေတဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်



ရီးယဲလ်မက်ဒရစ်အသင်းမှာပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေတဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က သူဟာ လာမယ့် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ရီးယဲလ်ကနေ သေချာပေါက် ထွက်ခွာတော့မယ်လို့ လူသိရှင်ကြားပြောခဲ့တာပါ။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းက ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူစဉ်က ပေးချေခဲ့ရတဲ့ ပြောင်းရွှေ့ကြေးနီးပါး ပြန်လည်ရလိုတာကြောင့် ပေါင်သန်း ၆၀ လောက်ရမှသာ ထုတ်ရောင်းမယ့် သဘောရှိနေပါတယ်။

ဒီဈေးကို မန်ယူနဲ့ ချယ်လ်ဆီးတို့က ပေးချေမယ်လို့ အစောပိုင်းက သတင်းတွေထွက်ခဲ့ပေမယ့် ချယ်လ်ဆီးအသင်းကတော့ ပေါင်သန်း ၆၀ ဆိုတဲ့ပမာဏကို ကစားသမားတစ်ဦးတည်းအတွက် ပေးချေလိုခြင်းမရှိဘူးလို့ သိရပါတယ်။ ချယ်လ်ဆီးက တိုက်စစ်မှူး တောရက်စ်ကို ပေါင်သန်း ၅၀ တောင်ပေးချေခေါ်ယူခဲ့ပေမယ့် ပေးရတဲ့ငွေကြေးပမာဏနဲ့ ပြန်ရတဲ့ခြေစွမ်းက မကိုက်တာမျိုး ကြုံဖူးတာကြောင့် "တစ်ခါသေဖူး ပျဉ်ဖိုးနားလည်" ဆိုသလို ဖြစ်နေတာဖြစ်ပါတယ်။ မန်ယူကတော့ ဂျိမ်းစ်ရဲ့ကိစ္စကိုနှုတ်ဆိတ်နေပါတယ်။

ဂျိမ်းစ်ကို ခေါ်ယူလိုတဲ့ အသင်းတွေထဲမှာ ပီအက်စ်ဂျီနဲ့ ဂျူဗင်တပ်တို့လို ထိပ်တန်းအသင်းကြီးတွေပါပေမယ့် ဂျိမ်းစ်ကတော့ သူက ပရီမီယာလိဂ်ကိုပဲ သွားရောက်ကစားချင်တယ်လို့ဆိုခဲ့တာကြောင့် ဂျိမ်းစ်တစ်ယောက် အထုပ်အပိုးပြင်ပြီး ပရီမီယာလိဂ်အသင်းတွေကြား တဝဲလည်လည်ဖြစ်နေတဲ့ ပုံရိပ်ကို ကာတွန်းတွေဆွဲပြီး လှောင်ပြောင်နေတာကို မီဒီယာစာမျက်နှာတွေထက် ခပ်စိပ်စိပ်တွေ့နေရပါတယ်။ ဂျိမ်းစ်ရဲ့ အခုလိုပြောကြားချက်အပေါ် ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင်ရာမို့စ်က ကစားသမားတစ်ဦးဟာ ခံစားချက်ကို ဦးစားပေးပြီး မသေချာသေးတဲ့ ကိစ္စရပ်ကို လူသိရှင်ကြားထုတ်ပြောတာက အပေါင်းလက္ခဏာဆောင်တဲ့ ကိစ္စရပ်မဟုတ်ဘူးလို့ ပြစ်တင်ဝေဖန်လိုက်ပါတယ်။

## ဇီဒန်းကို စိတ်ကသိကအောက်ဖြစ်အောင် နှိုးဆော်လိုက်ပြန်တဲ့ မာတာရာဇီ

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းက အီတလီနောက်ခံလူ မာတာရာဇီကို ခေါင်းနဲ့ တိုက်ခဲ့လို့ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံရပါတယ်။ ပွဲစဉ်တစ်လျှောက်လုံး စိုးမိုးထားတဲ့ ပြင်သစ်အသင်းက ဇီဒန်း အထုတ်ခံရပြီးနောက် ပင်နယ်တီ အဆုံးအဖြတ်ခံယူရာ အီတလီအသင်းကို ငါးဂိုး-သုံးဂိုးနဲ့ အရေးနိမ့်ပြီး ကမ္ဘာ့ချန်ပီယံဆု ကို လက်လွှတ်ခဲ့ရပါတယ်။

ဒီအဖြစ်အပျက် ဖြစ်ခဲ့တာက ၁၀စုနှစ် တစ်ခုကြာမြင့်ခဲ့ပြီဖြစ်သလို ဇီဒန်းဘက်က ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး နှုတ်ဆိတ်နေပေမယ့် မာတာရာဇီကတော့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာကတစ်ဆင့် ဒီအဖြစ်အပျက်ကို ပြန်လည် ဖော်ထုတ်လိုက်ပါတယ်။ ဇီဒန်းက ၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲ မယှဉ်ပြိုင်ခင်ကတည်းက သူဒီကမ္ဘာ့ဖလားပြိုင်ပွဲပြီးရင် ကစားသမားဘဝကနေ အနားယူမယ်လို့ ပြောကြားထားသူဖြစ်တာကြောင့် ယခုလို ဗိုလ်လုပွဲမှာ ထုတ်ပယ်ခံရပြီး ကစားသမားဘဝကို အဆုံးသတ်ခဲ့ရတာက ရှက်စရာကောင်းတဲ့ ကိစ္စရပ်လို့ ခံယူခဲ့ရပေမယ့် မာတာရာဇီကတော့ ဇီဒန်း သူ့ကို ခေါင်းနဲ့ တိုက်ခဲ့တဲ့ပုံရိပ်ကို အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့တာကို ကြည့်ခြင်းအားဖြင့် ဒီအဖြစ်အပျက်ရဲ့ ဇာတ်ကောင်တစ်ဦးအနေနဲ့ ပါဝင်ခဲ့ရတာကို အင်မတန်ဂုဏ်ယူပြီး အခုထိလည်း မမေ့နိုင်သေးတဲ့ ပုံပေါ်ပါတယ်။ ၂၀၀၆ ချန်ပီယံဆိုတဲ့ စာသားရေးထိုးထားတဲ့ ရွှေရောင်ဘောလုံးနဲ့ အီတလီအသင်းဂျာစီတို့နဲ့အတူ ဇီဒန်းသူ့ကို ခေါင်းနဲ့ တိုက်ခဲ့တဲ့ပုံကို ဓာတ်ပုံရိုက်ပြီး အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့တာဖြစ်ပါတယ်။

၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း မာတာရာဇီက အီတလီအသင်းအောင်မြင်မှုရဲ့ အဓိကဇာတ်ကောင်တစ်ဦးဖြစ်ခဲ့ရသလို ဇီဒန်းသူ့ကို ဘာကြောင့် ခေါင်းနဲ့ ပြေးတိုက်တာလဲဆိုတဲ့ ကိစ္စရပ်က အားလုံးသိချင်ခဲ့ကြတဲ့ မေးခွန်းတစ်ရပ်လည်း ဖြစ်ခဲ့ပါတယ်။ မာတာရာဇီက ဒီကိစ္စရပ်ကို လအတန်ကြာ ဖွင့်မပြောပေမယ့် နောက်ပိုင်းကျတော့ "ကျွန်တော့်စကားက မိုက်မဲချင် မိုက်မဲမှာပေ့ါ။ ဒါပေမယ့် သူ(ဇီဒန်း) ဒီလို မတုံ့ပြန်သင့်ပါဘူး။ အားလုံးက ကျွန်တော်ပြောခဲ့တဲ့စကားက ဆေးရုံတက်နေရတဲ့ သူ့အမေကို စော်ကားခဲ့တဲ့စကားဖြစ်မယ်လို့ ထင်ခဲ့ပေမယ့် ကျွန်တော့်အမေက ကျွန်တော်အသက် (၁၅) နှစ်အရွယ်မှာပဲ ကွယ်လွန်သွားတာကြောင့် မိခင်တစ်ဦးကို ထိခိုက်တဲ့စကား ကျွန်တော် မပြောခဲ့ပါဘူး။ သူ့ညီမကိုပဲ ပြောခဲ့တာပါ" လို့ ဖွင့်ဟပြောကြားခဲ့ပါတယ်။



ဇီဒန်းက ပွဲကစားချိန်အတွင်း သူ့ဂျာစီကို မကြာခဏ ဆွဲနေတဲ့ မာတာရာဇီကို "အင်္ကျီကိုမဆွဲနဲ့ လိုချင်ရင် ပွဲအပြီး လဲပေးမယ်" လို့ပြောခဲ့ရာမှာ မာတာရာဇီက "ခင်ဗျားဂျာစီကို ကျုပ်က ဘာလုပ်ရမှာလဲ၊ အဲဒီအစားခင်ဗျားညီမကို ဒီည လွှတ်လိုက်ရင် ပိုအဆင်ပြေသေးတယ်" လို့ တုံ့ပြန်ပြီးနောက် ခုလို ဇီဒန်းရဲ့ ကမ္ဘာကျော် ခေါင်းတိုက်ချက် ဖြစ်စဉ်ပေါ်လာတာဖြစ်ပါတယ်။

မေလှဲ့သင်း စုစည်းတင်ဆက်သည်။

ကြေးမုံ



# ဂျလန်းမြေ၌ မြတ်ဗုဒ္ဓသာသနာ ဝေဖြာထွန်းလင်းတော့မည်

လွန်ခဲ့သော ရက်အချို့က ထူးခြားသော ဖိတ်စာတစ်စောင် လက်ဝယ်ရောက်လာခဲ့သည်။ ဖိတ်စာပါ အကြောင်းအရာကို ဖတ်ကြည့်တော့ ဂျလန်းကျွန်းဆလုံရွာ သာသနာ့အောင်ပွဲကြီးမင်္ဂလာ ဖိတ်ကြားလွှာဟူ၏။

ဂျလန်းကျွန်း-အမည်ဆန်း၍ အလှမ်းကွာကာ တစ်မြေရပ်ခြား၌ ရှိမည်ဟု ထင်မိပါ၏။ သို့သော် ဖိတ်စာတွင် ဖော်ပြသည်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ ကျွန်းစုများအတွင်းမှ ကျွန်းတစ်ကျွန်းတည်း။

မှီတင်းနေထိုင်သူများကား ဆလုံတိုင်းရင်းသားများ အများစု၊ ထိုတိုင်းရင်းသားများအတွက် ဗုဒ္ဓသာသနာပြုလုပ်ငန်းကြီးတစ်ခုကို စိတ်နှစ်ကိုယ်နှစ်ဆောင်ရွက်နေသည့် အရှင်ကုသလဇောတိ၏ ဘုရားစေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်နှင့် လမ်း၊ တံတား၊ ဆေးပေးခန်းနှင့် စာကြည့်တိုက် စသည်များနှင့် အထူးအားဖြင့် လောကနာထသိမ်၊ ဘုရားစေတီတော် အလှူ မင်္ဂလာ၊ ဒေဝဒေဝမဂ္ဂင်ဖောင်စည်း ကရဝိက်ဗိမာန် ထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာပွဲနှင့် ဆလုံမျိုးနွယ်စုဝင်များ၏ ထူးခြားလှစွာသော ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် အခြားအခြားသော သာသနာ ရေးဆိုင်ရာ ကုသိုလ်တော်ပြုပွဲ အစီအရီတို့ကို ကျင်းပမည်ဖြစ်၍ ပါဝင်တက်ရောက်ကြည်ညိုကာ သဒ္ဓါတတ်စွမ်းသရွေ့ လှူဒါန်းထည့်ဝင်ကြရန် ဖိတ်ကြားလွှာ ဖြစ်ပေတော့သည်။



ဤကုသိုလ်မှုအစုစုတို့အား စီရင်ကြိုးကုတ် လုပ်ဆောင်တော်မူရန်အတွက် ဂျလန်းကျွန်းဆရာတော် အရှင်ကုသလဇောတိ (သာသနဓဇ ဓမ္မာစရိယ၊ B.Sc-Zoology)၊ နယ်လှည့်ဓမ္မကထိကဆရာတော်သည် ကိုးနှစ်တိုင်တိုင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကာ တရားဓမ္မများဟောကြား၍ အလှူခံရရှိသော ဓမ္မပူဇာ နဝကမ္မအလှူတော်ငွေတို့အား အသုံးပြုကာ သာသနာတော်ကို ကျေးဇူးဆပ်သည့်အားဖြင့် လှူဒါန်းကျင်းပခြင်းဖြစ်ပေသည်။

အထူးအားဖြင့် တိုက်ဆိုင်နေသည်မှာ ဤသာသနာပြု၊ သာသနာ့ကျေးဇူးဆပ်ပွဲ ဆင်နွှဲခြင်းသည် ဆရာတော်၏ သက်တော် (၄၀)ပြည့် ဝိဇာတမင်္ဂလာနှင့် တိုက်ဆိုင်နေခြင်းပင်။

မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း စိမ်းလဲ့သောပင်လယ်ကမ်းခြေအလွန်ရှိ လူသူမနီး ကျွန်းကြီးဧရာဖြစ်သော ဂျလန်းကျွန်းတွင် ကျွန်းနေဆလုံတိုင်းရင်းသားပြည်သူများ ယုံကြည်ကိုးစား အားထားရာ မြတ်ဗုဒ္ဓသာသနာ၏ သာသနိက အဆောက်အအုံများ ပေါ်ပေါက်တည်ထားရေးနှင့် ဗုဒ္ဓဘာသာဝင်များ သံသရာဘေးမှလွတ်ကင်းရာ မင်္ဂလမ်းကို ရွယ်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသည့် ဆရာတော်၏ သာသနာကျေးဇူးဆပ်ပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက်မှ နှစ်သစ်ကူးနှစ်ဦး ဇန်နဝါရီ ၁ ရက်အထိ ဂျလန်းကျွန်းတွင် ကျင်းပဆင်နွှဲမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် ကော့သောင်းမြို့နယ် ဂျလန်းကျွန်း ဆလုံမွန်ကင်းရွာသို့ အရောက်လှမ်းခဲ့ကာ ဒေသခံများနှင့်အတူ သာဓု အနုမောဒနာ ပြုကြပါမည့်အကြောင်း ဆရာတော်က နှိုးဆော်တိုက်တွန်းထားသည်။

ထို့အပြင် သာသနာ့ကျေးဇူးဆပ်ပွဲတော် ကျင်းပစဉ်အတွင်း နိဗ္ဗာန်ဈေးပွဲတော် ကျင်းပကာ အာဟာရဒါန လှူဒါန်းမည်ဖြစ်ပြီး ထီးတော်တင်ပွဲအပြီး၌ သံဃာတော်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြမည်ဖြစ်ရာ အလှူဒါနပြုလိုသူများသည် ဂျလန်းကျွန်းဆရာတော် အရှင်ကုသလသာမိ ၀၉-၄၉၈၇၉၂၀၀၊ ၀၉-၂၅၀၂၄၈၄၀၅၊ ဦးတင်ထွေး ၀၉-၅၆၄၁၄၂၆ နှင့် ဦးထွန်းအေး ၀၉-၂၅၄၀၉၉၆၃၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဂျလန်းကျွန်း သာသနိကနယ်မြေတွင် ဒီဇင်ဘာ ၃၁ ရက်ည ၇နာရီ၌ ဥူးသုမင်္ဂလ(ဒယ်အိုး)ဆရာတော်နှင့် ဓမ္မကထိက ဆရာတော်သုံးပါးတို့က တရားရေအေး အမြိုက်ဆေးများတိုက်ကျွေးကာ သတ္တဝါဝေနေရတို့အား ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ လမ်းပြကူးပို့ပေးမည် ဖြစ်ပါကြောင်း ဆင့်လောင်းနှိုးဆော်အပ်ပါသည်။

ထို့ကြောင့် ဂျလန်းကျွန်းတွင် မြတ်ဗုဒ္ဓသာသနာ ဝေဖြာထွန်းလင်းတော့မည့်အရေးအတွက် ပါရမီရှင် ကုသိုလ်ရှင်များ လာရောက်ထည့်ဝင်လှူဒါန်းနိုင်ပါစေကြောင်း ဖိတ်မန္တက ပြုအပ်ပါသည်။

**စိန်အောင်ဖေ**

# ပျက်စီးခဲ့သောလယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် ရေပေးမြောင်းနှင့် ရေနုတ်မြောင်းများပြန်လည်ဖော်ထုတ်

**ကလေး ဒီဇင်ဘာ ၂၇**

ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ်က မကြုံစဖူးဖြစ်ပေါ်ခဲ့သောရေကြီးရေလျှံမှုကြောင့် လယ်ယာမြေများ ပျက်စီးခဲ့ရပြီး လယ်ယာမြေများကိုပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှတာဝန်ယူ၍ ကလေးမြို့နယ် နန်းစောင်းပုကျေးရွာတွင် ရေပေးမြောင်းနှင့် ရေနုတ်မြောင်း ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းတွင် ရေပေးမြောင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းအား ကလေးမြို့နယ်အတွင်းရှိ သာစည်၊ ရာဇဂြိုဟ်၊ နန်းချောင်း၊ ထိုမာ၊ ထောက်ကြန့်၊ နန်းကျင်းဆောင်၊ မောက်လင်းနှင့် အောင်မြင်သာကျေးရွာတို့တွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများပြီးစီးပါက ကျေးလက်နေ တောင်သူများ၏ လယ်ယာမြေစိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

**ချင်းတွင်းသား**





# ခရမ်းချဉ်သီးအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**မိုးညို ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်းရှိ ရှားတောကျွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ခရမ်းချဉ်သီးစိုက် တောင်သူများသည် ယခုနှစ်ဆောင်းရာသီ ခရမ်းချဉ်သီးထွက်ပေါ်ချိန်တွင် သီးနှံအထွက်နှုန်းမကောင်းသော်လည်း ခရမ်းချဉ်သီး ဈေးကောင်းရသောကြောင့် ခရမ်းချဉ်စိုက်တောင်သူများအတွက် စိုက်ပျိုးရောင်းချရာတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဎင်းဒေသတွင် ခရမ်းချဉ်သီးကို စက်တင်ဘာလကုန်ပိုင်းခန့်တွင် စတင်စိုက်ပျိုးကြပြီး အခုနှစ်ရာသီဥတုမမှန်သောကြောင့် သီးနှံအထွက်နှုန်း လျော့နည်းခဲ့သော်လည်း ဈေးကောင်းရသောကြောင့် တောင်သူများအနေဖြင့် အရောင်းအဝယ်ကောင်းကြသည်ဟု ရှားတောကျွန်းကျေးရွာအုပ်စုရှိ ခရမ်းချဉ်သီးဒိုင်တစ်ဦးက ပြောကြားသည်။

ရှားတောကျွန်းကျေးရွာအုပ်စုရှိ တောင်သူများသည် ရာသီအလိုက် ခရမ်း၊ ငရုတ်၊ ပြောင်း၊ မတ်ပဲ၊ ပဲနီ၊ ပဲကြား၊ ပဲကြီးအစရှိသည့် သီးနှံများကို စိုက်ပျိုးရောင်းချလေ့ရှိပြီး မိုးညိုမြို့နယ်အနီးတစ်ဝိုက်ရှိ ရွာများကလည်း လာရောက်ဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချလေ့ရှိသည်ဟု သိရသည်။

**သူရအောင် (ပြည်)**

# စိုက်ပျိုးသူတောင်သူတိုင်း ပိုးသတ်ဆေးဥပဒေပါ အချက်အလက်အသေးစိတ်ကို သိရှိလိုက်နာရန် အထူးလိုအပ်

**စစ်ကိုင်း ဒီဇင်ဘာ ၂၇**

ပိုးသတ်ဆေးဥပဒေပါ အချက်အလက်များကို ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်သူတောင်သူအများစုသိရှိမှသာ ရေရှည်အထွက်တိုးကာ အန္တရာယ်ကင်းသော စားသုံးသီးနှံ ဟင်းသီးဟင်းရွက်များကို ရရှိစေမည်ဖြစ်သောကြောင့် ဒေသအနှံ့မှ စိုက်ပျိုးသူတောင်သူများ သိရှိလိုက်နာစေရန် ပိုးသတ်ဆေးဥပဒေပါ အချက်များ ပညာပေးစည်းရုံးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်ထံက သိရသည်။

ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးဓာတ်ကြွင်း အန္တရာယ်ကင်းအောင် ဆောင်ရွက်နည်းများ၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာကိုင်တွယ်သုံးစွဲနည်းနှင့် ဘက်စုံပိုးမွှားကာကွယ်ရေး နည်းစနစ်များ ဆွေးနွေးဟောပြောခြင်းကို ဒီဇင်ဘာ ၂၂ ရက်က မုံရွာမြို့နယ် ထနောင်းတောကျေးရွာရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ တောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပညာပေးဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံက ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးဓာတ်ကြွင်း အန္တရာယ်ကင်းအောင် ဆောင်ရွက်နည်းများ၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာကိုင်တွယ်သုံးစွဲနည်းနှင့် ဘက်စုံပိုးမွှားကာကွယ်ရေးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့အပြင် သီးနှံပင်အာဟာရဓာတ်များဆိုင်ရာ ပညာပေးဆွေးနွေးခြင်းများကို မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ တောင်သူ ၄၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ပိုးသတ်ဆေးသုံးတဲ့သူတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေကို ထုတ်ပြန်ထားပြီးဖြစ်လို့ ပိုးသတ်ဆေးသုံးစွဲသူဟာ ပိုးသတ်ဆေးအညွှန်းစာအတိုင်း လိုက်နာသုံးစွဲရမှာဖြစ်ပါတယ်။ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်တဲ့ ပိုးသတ်ဆေးအန္တရာယ်ကင်းကင်းရှင်းရှင်း ကိုင်တွယ်တဲ့နည်းလမ်းတွေအတိုင်း လိုက်နာသုံးစွဲရမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူသည် လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်အပြင် ပေးဆောင်ရန်ရှိသော လိုင်စင် ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်ဖြစ်ကာ လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်းပါဝင်မှု ရာခိုင်နှုန်းအတိုင်း ပြည့်မီအောင်ဖော်စပ်ရန် လိုအပ်ကြောင်း သိရသည်။

ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန် အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနင်းသောပိုးများ၊ အဆိပ်သင့်နိုင်မှု အဆင့်အတန်း၊ အသုံးပြုရမည့်ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှု အန္တရာယ်မှကင်းရှင်းရန်နည်းလမ်းများကို မြန်မာဘာသာဖြင့် ဖော်ပြရန်ညွှန်ကြားထားသည့်အပြင် ပိုးသတ်ဆေးထည့်သွင်းထားသည့်ဘူး၊ ပုလင်းသို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်တို့ကို ကပ်ထားရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

AMA American Management Association | CMI | AIM Australian Institute of Management | CIM Canadian Institute of Management | CIPD Championing better work and working lives | SIM | SHRM Society for Human Resource Management | atd Association for Talent Development

**ကမ္ဘာ့အကောင်းဆုံးစီမံခန့်ခွဲမှုအဖွဲ့ကြီးများ၏ သင်ရိုးညွှန်းတမ်းများနှင့်အညီရေးဆွဲထားသော (၂၀၁၇)နှစ်သစ်အတွက်သင်တန်းသစ်များ**

## Project Management Skills

**သင်ကြားပို့ချမည့်သူ**

ပါမောက္ခဦးအေးကျော် Principal (Myanmar Leadership and Management Institute)

ဆရာကြီး ဦးစစ်မောင် (Senior Lecturer and Professional Trainner), ဆရာဦးပြည့်စုံငြိမ်း (Senior Lecturer and Professional Trainner)

**တက်ရောက်သင့်သူများ**

၁။ NGO, INGO, UN Agencies များနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ သင်တန်းမတက်ရသေးသော Project Manager များ၊ တာဝန်ခံများ။

၂။ Project Manager ရာထူးလျှောက်ထားရန် လိုအပ်သောအရည်အချင်း ပြည့်ဝအောင်ကြိုးစားနေကြသော AGTI, B.Tech, BE ဘွဲ့ရများ။

၃။ နိုင်ငံတော် Project များကို စီမံခန့်ခွဲနေရသော်လည်း Project Management သင်တန်း မတက်ရသေးသော အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ ဦးစီးအရာရှိများ၊ AD များ ၊ DD များ၊ ညွှန်မှူးများ၊ တိုင်းဦးစီးမှူး/ပြည်နယ်ဦးစီးမှူးများ၊ တိုင်းမန်နေဂျာ/ ပြည်နယ်မန်နေဂျာများ။

၄။ အလုပ်တစ်ဖက်ဖြင့် အချိန်မရ၍ နှစ်လရှည်ကြာသော MBA ဘွဲ့နှင့် ဒီပလိုမာသင်တန်းများ တက်ရောက်ရန် မအားလပ်သူများ။

၅။ မည်သည့် Management သင်တန်းကိုမှ မတက်ရသေးသော Supervisor များ/ Manager များ/ GM များ။

၆။ နိုင်ငံတကာအဆင့် Project Management Examination ဝင်ရောက်ဖြေဆိုရန် အစီအစဉ်ရှိသော Project ဝန်ထမ်းများ ။

သင်တန်းသား အနည်းဆုံး(၃)ဦးနှင့် အထက်စေလွှတ်သော ကုမ္ပဏီများ၊ မိသားစုလုပ်ငန်းများ Discount 10% ရရှိပါမည်။

**သင်ကြားမည့် ခေါင်းစဉ်များ**

1. Project Integration Management
2. Project Scope Management
3. Project Communication Management
4. Project Cost Management
5. Project Quality Management
6. Project Human Resource Management
7. Project Time Management
8. Project Risk Management
9. Project Procurement Management
10. Project Stakeholder Management
11. Microsoft Project Professional

**သင်တန်းချိန်နှင့် နေ့ရက်**

နံနက် ၈း၃၀ မှ ညနေ ၅း၃၀ နာရီ၊ ၈/၁၅/၂၂/၂၉ . ၀၁ . ၂၀၁၇ (တနင်္ဂနွေနေ့)၊ (၄)ရက် အချိန်ပြည့်သင်တန်း

သင်တန်းအပ်ရန်နောက်ဆုံးရက်မှာ ၀၆ .၀၁ . ၂၀၁၇ (သောကြာနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။

## Effective Cooperation, Coordination & Collaboration Skills

**သင်ကြားပို့ချမည့်သူ**

ပါမောက္ခဦးအေးကျော် Founder and Principal (Myanmar Leadership and Management Institute)

Former Founder and Principal (MHR), (FCMI, UK), (FABE, UK), (FCAM, UK), (ACIPD, UK)

**တက်ရောက်သင့်သူများ**

၁။ အလုပ်တစ်ဖက်ဖြင့် အချိန်မရ၍ နှစ်လရှည်ကြာသော MBA ဘွဲ့ / ဒီပလိုမာသင်တန်းများ တက်ရောက်ရန် မအားလပ်သူများ။

၂။ Supervisor / Manager / GM ရာထူးများသို့ အချိန်တိုတိုဖြင့် ရောက်ရှိနိုင်ရန် ကြိုးစားနေသောအလားအလာရှိသည့် ဝန်ထမ်းများ။

၃။ မည်သည့်စီမံခန့်ခွဲမှုသင်တန်းများကိုမှ မတက်ရောက်ရသေးသော Supervisor / Manager / GM များ။

၄။ မိမိလက်အောက်ရှိလုပ်ငန်းများကို ခေတ်မီနိုင်ငံတကာနည်းစနစ်များဖြင့် ပေါင်းစပ်ညှိနှိုင်းလိုသော ဌာနဆိုင်ရာအရာရှိအဆင့်ဝန်ထမ်းများ။

၅။ ပေါင်းစပ်ညှိနှိုင်းခြင်းကြောင့် ပေါ်ပေါက်လာမည်ဖြစ်သောအခွင့်အလမ်းအကျိုးရလဒ်များကိုရရှိခံစားလိုသော SME လုပ်ငန်းရှင်များ။

သင်တန်းသား အနည်းဆုံး(၃)ဦးနှင့် အထက်စေလွှတ်သော ကုမ္ပဏီများ၊ မိသားစုလုပ်ငန်းများ Discount 10% ရရှိပါမည်။

**သင်ကြားမည့် ခေါင်းစဉ်များ**

1. Cooperation in the Workplace
2. Coordination in the Workplace
3. Collaboration in the Workplace
4. Integrating 3Cs in the Workplace

**သင်တန်းချိန်နှင့် နေ့ရက်**

နံနက် ၈း၃၀ မှ ညနေ ၅း၃၀ နာရီ၊ ၀၈ . ၀၁ . ၂၀၁၇ (တနင်္ဂနွေနေ့)၊ တစ်ရက် အချိန်ပြည့်သင်တန်း

သင်တန်းအပ်ရန်နောက်ဆုံးရက်မှာ ၀၆ .၀၁. ၂၀၁၇ (သောကြာနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။


Mlmi LEADER IN SOFT SKILLS

ကုမ္ပဏီ/လုပ်ငန်းတစ်ခုချင်းစီ၏လိုအပ်ချက်အရ စီမံခန့်ခွဲမှုပညာသင်တန်းများကို လုပ်ငန်းခွင်အရောက်သင်ကြားပို့ချပေးလျက်ရှိပါသည်။

**Myanmar Leadership & Management Institute**, Building(4), Room (10), MICT Park, Hlaing Campus, Yangon.

Tel : 01-2305188, 09 5045551, 09 2600 34160 E-mail : enquiry@myanmarlmi.com

Facebook : www.facebook.com/myanmarleadershipandmanagement


NGBM
NAY GABAR MYANMAR
Construction Co.,Ltd
ROYAL MAUNG BAMAR
RESIDENCE
FREEHOLD LAND
ROYAL MAUNG BAMAR RESIDENCE
အင်းယားကန် ၊ပြည်လမ်းမတို့နှင့် ကိုက်(၁၀၀)ခန့်သာ ဝေးသော ဓမ္မာရုံလမ်းမပေါ်ရှိ ဘိုးဘွားပိုင်မြေတွင်တည်ရှိပြီး အင်းယားကန်ရေပြင်မှ
သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်နိုင်သော ပတ်ဝန်းကျင်သဘာဝအလှအပများကို ခံစားနိုင်မည်. . .
လှိုင်တက္ကသိုလ်
University
HLAING
Yaw Gi Kyaung St
Mae Zi Gone Rd
Dhamayone St
Pyay Rd
IBC
ROYAL MAUNG BAMAR
RESIDENCE
အင်းယားကန်
Ywar Ma Kyaung St
Bahio Rd
Pearl St
အမှတ် (၂) ရပ်ကွက်
NO (2) WARD
Myanmar Yachting Federation
ရန်ကုန်တက္ကသိုလ်
Hledan Market
WASHINGTON PARK
Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023, 09-31915818, 09-250076710. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com


SPRING LINE
★ Hlaing River Landmark ★
8th Jan 2017
Body Structure ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနား
ဆောက်လုပ်မှုပြီးစီးသော PROJECT မှသာ
လူကြီးမင်းတို့အတွက် အာမခံနှင့်
ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ကို အခိုင်အမာဖြစ်စေပါသည်
*FREEHOLD LAND
*BUILDING COMPLETED 80%
*NEW CITY CENTER
*ROOM UNIT VARIABLE
Hlaing
River
SPRING LINE
Aung zaya Bridge
Bayint Naung Bridge2
Bayint Naung Bridge
VIP Customers များအတွက်
နေ့စဉ်မြန်မာငွေ ၁၀၀၀၀၀ကျပ်ကို
Booking Date မှ 8 JAN 2017 နေ့ထိရယူလိုက်ပါ၊
The Earlier You Book
The More You Get
Special Offer For Vip Customer
100,000 Ks/day
Valid From Booking Date Till To 8th Jan 2017
Room Unit Can Variable
Living And Office Together As Desired
Complete & Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Permanently Property Rights Of Land
Wealth For Next Generation
Cluster Of Active Business Center
Boutique Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: အမှတ် ( ၄၆၀ ) လှိုင်မြစ်လမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။
( ပေါက်တောဂ မီးပွိုင့်မှ အောင်ဇေယျ တံတား မတက်ခင် ညာဘက်ခြမ်း )
Facebook: Springline complex
Shwe Oak Khai Construction Co.,Ltd.

ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI(official page), ASA aung naing
LCCI & ACCA
စာရင်းကိုင်သင်တန်းများ
for 2017, June Exam
ခုနှစ်ပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ
LCCI Approved Centre
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060




'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
တည်ထောင်သည့်
ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

အဆင့်မြင့် ဘော်ဒါ
ပဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါစ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့်ရှိသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈ တန်း(ဧပြီ ၂၉)စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

International Culinary Arts (နိုင်ငံတကာ အစားအစာချက်ပြုတ်နည်းသင်တန်း)



ဇန်နဝါရီလသင်တန်းအတွက်ကျောင်းအပ်လက်ခံနေပြီ
ဝါရင့် စားဖိုမှူးကြီးများကိုယ်တိုင် စနစ်တကျ လေ့ကျင့် သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက အလုပ်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းစတင်ရန်ကူညီပေးပါသည်။
ပုံမှန်တန်းခွဲအပြင် စနေ၊ တနင်္ဂနွေ သီးသန့်တန်းခွဲများလက်ခံနေပြီ။
New Year Special Limited Offer 10% Off
Lotus အမှတ်(၂၁၃၊ ၂၁၇) ၃-လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၄၉-လမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
01-397449, 01-397447 09-73169207

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်
ဂုဏ်ထူး-ဦးအောင်ခိုင်
2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၄၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ထွက်ပြီ။
- ခေါင်းဆောင်မှုနှင့် အကျိုးအမြတ်ခံစားခွင့် စိစစ်ခြင်း
- ဝယ်သူနှင့် ဆက်ဆံမှု စီမံခန့်ခွဲခြင်း
- ၂၀၁၇ မြန်မာနိုင်ငံရဲ့ Stock Market
- ZARA ရဲ့မြန်ဆန်အရည်အသွေးမြင့် ထုတ်ကုန်များ

တန်ဖိုး ၂,၅၀၀ ကျပ်
CEO မြန်မာ့စီးပွားရေး ၂၀၁၇
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

ဇာ
စိန်ရွှေရတနာဆိုင်
Christmas & New Year မှာ
ရွှေဝယ်ရင်း ထိုင်း တီရှပ်လှလှလေးနဲ့
အခြားလက်ဆောင်ပစ္စည်းလေးတွေရယူကြပါစို့
(25.12.2016) မှ (26.1.2017)ထိ



အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၃၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext.) ၁၀၁၊ ၁၀၂၊ ၁၀၃

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

ဒဂုံမြို့သစ်
အရှေ့ပိုင်း/ ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
Ph : 09 73121050
09 457778224

အညတရစစ်သားအဟောင်းတစ်ယောက်ရဲ့ သေနတ်ပြောင်းဝမှ ထွက်ခဲ့သော ပန်းပွင့်ကညင်ဆံများ........
Ju Nile
လီဗိုလမ်းမှ ပန်းပုံပြင်
နှင့်
ပဂ္ဂဝင်းဝတ္ထုများ
ထွက်ပြီ
မြို့သက်ဝေ စာပေမှ ထုတ်ဝေ၍ လှိုင်ဝတ်ဆန်းကြည် မင်္ဂလာဝင်းတိုက်မှ ဖြန့်ချိပါသည်
Phone - 09 5001317, 09 5070275, 09 43200760

ရောင်းမည်
(ကားနှင့်လဲမည်)
၁၂ပေ ၆ × ၅၀ပေ
ပြင်ဆင်ပြီး၊ L ခန်း
လှိုင်မြို့နယ်။
၀၉-၅၇၈၈၁၉၃၅၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ပုဂံညောင်ဦးဒေသရှိ လေဆိပ်အနီးHotel ဆောက်လုပ်ရန် ၃၀(ခ)ကျပြီး လက်ရှိ ဆောက်လုပ်ရန်ရှိသော Hotel Projectမြေနေရာရှိ ၅ဧက(သို့) ၂. ၅ဧကအား ထိုက်သင့်သော ဈေးနှုန်းဖြင့်ရောင်းမည်။
ဖုန်း-၀၉-၄၂၁၁၀၆၅၈၈

* စက်မှုဇုန်မြေကွက်များ အမြန်ရောင်းမည် *

| | | | |
|---|---|---|---|
| သာကေတဇုန် | (၄၀ပေ x ၆၀ပေ) | မြေဂရန်အုတ်ခံ | ၃၅၀၀ သိန်း |
| ရွှေပြည်သာဇုန် | (၀.၅ ဧက) | မြေဂရန်အုတ်ခံ | ၅၀၀၀ သိန်း |
| ဝါးတစ်ရာဇုန် | (၃.၉ ဧက) | မြေပါမစ်အုတ်ခံ | ၇၈၀၀ သိန်း |
| မင်္ဂလာဒုံဇုန် | (၂.၁ ဧက) | (၂၁၆၀၀ SF) 315KVA | ၁၅၀၀၀ သိန်း |
| အရှေ့ဒဂုံဇုန် | (၂.၈၇ ဧက) | ပါမစ်မြေအုတ်ခံ | ၁ဧက-၃၂၅၀ သိန်း |
| သာဓုကန်ဇုန် | (၃ ဧက) | ပါမစ်မြေအုတ်ခံ | ၁ဧက-၃၅၅၀ သိန်း |
| ဝါးတစ်ရာဇုန် | (၁၆ ဧက) | ပါမစ်မြေအုတ်ခံ | ၁ဧက-၁၉၅၀ သိန်း |
| ရွှေပြည်သာဇုန် | (၂.၁ ဧက) | မြေဂရန်အုတ်ခံ | ၁ဧက-၇၀၀၀ သိန်း |
| ရွှေလင်ပန်းဇုန် | (၂.၂၄ ဧက) | မြေဂရန် | ၁ဧက-၄၅၀၀ သိန်း |

:09 773221022, 09 777720163, 09 777720166

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ဈေးနှုန်းချိုသာစွာဖြင့် ကားနှင့် လုပ်သားအပါ စီစဉ်ပေးပါသည်။
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

'သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။'
ALL Trainings Are Essenential For Your Success
Vehicle Driving & Maintenance Training
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့ဖွင့်ပြီ
ရောင်နီဦး
AURORA
ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း
အမှတ် ၁၄၊ ဇမ္ဗူလမ်း၊ (၅)ရပ်ကွက်၊ (ရုပ်ရှင်ရုံနောက်ကျော)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-73235126, 09-43163080, 09-43170116
သင်တန်းခွဲ -အမှတ် ၅၂၉၊ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09-43187831, 09-420317778

# မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးရေး အားပေးမြှင့်တင်ခြင်းအားဖြင့် နိုင်ငံတကာအဆင့်မီသည့် တိုင်းရင်းဆေးသမားတော်များ ပေါ်ပေါက်လာမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၁၇) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက (၁၇) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်ရန် ယခု အစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် လုံခြုံရေးကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

တိုင်းရင်းဆေးသည် ယနေ့ခေတ် နိုင်ငံတကာတွင် ရှေ့တန်းသို့ ရောက်လာသည့် အနေအထားရှိပါကြောင်း၊ ဓာတုဆေးဝါးများအစား သဘာဝကုန်ကြမ်းများကို အခြေခံပြီး ဆေးဝါးကုသမှုများ၊ ဆေးဝါးထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်လာနေကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းဆေးအခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် ပြည်သူလူထုအတွက်၊ နိုင်ငံတော်အတွက် အကျိုးကျေးဇူးဖြစ်စေနိုင်ပါကြောင်း၊ ယခုညီလာခံကြီးအောင်မြင်ရန် ညီလာခံကျင်းပရေးလုပ်ငန်းများ စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပြီး အားပေးမြှင့်တင်ခြင်းအားဖြင့် နိုင်ငံတကာအဆင့်မီသည့် တိုင်းရင်းဆေးသမားတော်များ ပေါ်ပေါက်လာမည်ဖြစ်ပြီး ကမ္ဘာတွင်လည်း အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❒



**ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အေရိုးဗစ်အဖွဲ့များ ယှဉ်ပြိုင်ခဲ့ကြစဉ်။** သန်းဌေး(ဒလ)

## မောင်တောဒေသတွင် ကာကွယ်ဆေးအတင်းအဓမ္မ ထိုးနှံရာမှ ကလေးငယ်တစ်ဦး သေဆုံးကြောင်း လူမှုကွန်ရက်တွင် တင်ထားသည့်သတင်းမှာ မှန်ကန်မှုမရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လူမှုကွန်ရက်တွင် မောင်တောဒေသနှင့်ပတ်သက်၍ ကာကွယ်ဆေး အတင်းအဓမ္မထိုးနှံရာမှ ကလေးငယ်တစ်ဦးသေဆုံးကြောင်း မဟုတ်မမှန် တင်ထားသည့် သတင်းတစ်ပုဒ်ကို နယ်မြေကွင်းဆင်းစစ်ဆေးပြီး အာဏာပိုင်များက သတင်းမှန်တစ်ရပ် ဖော်ထုတ်ခဲ့သည်ဟု သိရသည်။

ဖြစ်စဉ်မှာ ဖေ့စ်ဘွတ် လူမှုကွန်ရက် သုံးစွဲသူ Ro Nay San Lwin အကောင့်ပိုင်ရှင်က "ဒီဇင်ဘာ ၂၃ ရက်က မောင်တောခရိုင် ခမောင်ဆိပ်မြို့ရပ်ကွက် (၄)မကျည်းချောင်းရှိ ကလေးများကို အာဏာပိုင်များက ကာကွယ်ဆေး မထိုးလျှင် ဒဏ်ငွေဆောင်ရမည်ဆိုပြီး အတင်းအဓမ္မထိုးသဖြင့် ကာကွယ်ဆေး ထိုးခံရသည့် ကလေးငယ်တစ်ဦး ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် သေဆုံးသွားကြောင်း၊ နောက် ကလေးသုံးဦးကို ဆေးရုံတင်ထားရကြောင်း" သတင်းထွက်ပေါ်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စိစစ်ရာ အဆိုပါ သတင်းမှာ ဖြစ်စဉ်အမှန်နှင့် ကွဲလွဲမှုရှိကြောင်း သိရသည်။

တကယ့်မြေပြင်အခြေအနေမှာ ဒီဇင်ဘာ ၂၂ ရက်တွင် မောင်တောမြို့နယ် တမန်းသားကျေးလက်ကျန်းမာရေးဌာန ကာကွယ်ဆေးထိုးအဖွဲ့သည် မင်းခမောင်းတွင် စုရပ်ပြုလုပ်၍ ကာကွယ်ဆေးထိုးနှံခဲ့ရာ တစ်နှစ်အောက် ကလေး ပထမအကြိမ် ၁၄ ဦး၊ ဒုတိယအကြိမ် ခုနစ်ဦး၊ တတိယအကြိမ် တစ်ဦး ပေါင်း ၂၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ပထမအကြိမ် သုံးဦး၊ ဒုတိယအကြိမ် လေးဦး ပေါင်း ခုနစ်ဦး ထိုးနှံနိုင်ခဲ့ကြောင်း သိရှိရသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့** ✪

